မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၃၃၃)

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့။

အရိယ သစ္စာန ဒဿနံ ဇေတံမင်္ဂလ မုတ္တမံ သစ္စာလေးပါးကိုသိခြင်းသည် မြတ်သော မင်္ဂလာမည်၏။။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိ

ဖရန့်ဖတ် စက်တင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် စက်တင်ဘာ ၁ ရက် ညနေပိုင်းတွင် နေပြည်တော်မှ ထွက်ခွာလာရာ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၅၅ မိနစ်တွင် စင်ကာပူလေကြောင်းလိုင်းဖြင့် ဆက်လက်ထွက်ခွာရာ စက်တင်ဘာ ၂ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲတွင် ဂျာမနီနိုင်ငံ ဖရန့်ဖတ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး၊ H.E .Mr. Christian -Ludwing Weber-Lortsch ၊ ဂျာမနီနိုင်ငံသံတမန်ရေးရာဌာနမှ Mr. Volker Timmermann ၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစိုးနွယ်နှင့်တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာဝုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် Frankfurter Hof ဟိုတယ်သို့ ရောက်ရှိခဲ့ကြသည်။ **(သတင်းစဉ်)**

(၄၈)ကြိမ်မြောက် အာရှကာယပလနှင့် ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲ ထွန်းမင်း ပထမ၊ အေးအေးစိုး တတိယ ဆွတ်ခူး

သတင်းနှင့်ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုခ် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၁ ရက်အထိကျင်းပခဲ့သော (၄၈)ကြိမ်မြောက် အာရှကာယပလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အောင်ပွဲရအားကစားသမားများသည် ယနေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြတ်သက်နှင့် အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် အားကစားသမားများက ကြိုဆိုကြသည်။

မကာအိုခ် ကျင်းပသည့်(၄၈)ကြိမ်မြောက် အာရှကာယပလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့်အားကစားသမားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

အဆိုပါပြိုင်ပွဲ၏ ကာယဗလ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမ ထွန်းမင်း(မြန်မာ)၊ ဒုတိယ ဗီယက်နမ်၊ တတိယ အိန္ဒိယတို့က လည်းကောင်း၊ (၆၅) ကီလိုတန်းပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ ထိုင်း၊ တတိယ မွန်ဂိုလီးယား၊ စတုတ္ထ အောင်ခိုင်ဝင်း(မြန်မာ)က လည်းကောင်း၊ အမျိုးသမီးကာယ ကြံ့ခိုင်မှု ၁၆၀ စင်တီမီတာ Athlatic Physigue ပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ ထိုင်း၊ တတိယ အေးအေးစိုး (မြန်မာ)က လည်းကောင်း ဆုများအသီးသီးရရှိကြသည်။

ကာယဗလ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၄ နိုင်ငံ၊

စာမျက်နှာ ၁၂ ကော်လံ ၁ ❐

ခရီးသွားဦးရေ ဆက်လက်တိုးပွားစေမည့် e-Visa

ဘာသာပြန်-ထန်ဆွင်း

ဩဂုတ် ၃၀ ရက်ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သည့် The Daily Telegraph က ယခုသီတင်းပတ်အတွင်း e-Visa သစ် စတင်မိတ်ဆက်ခြင်းနှင့်အတူ ယခင်က မြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ရရှိရန် လိုအပ်သည့် စာရွက်စာတမ်းများနှင့် ရှည်ကြာသော နှောင့်နှေးကြန့်ကြာမှုများ ပယျောက်သွားပြီဖြစ်ရာ ယခုအခါ ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ပိုမိုလွယ်ကူစွာ ဝင်ရောက်နိုင်တော့မည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် ယူကေ အပါအဝင် နိုင်ငံပေါင်း ၄၁ နိုင်ငံရှိ ၎င်းတို့၏ ပတ်စ်پို့သက်တမ်း ခြောက်လကျန်ရှိသေးသည့် ပြည်သူများသည် e-Visa ရရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ e-Visa အသုံးပြုခြင်းသည် ရှိနှင့်ပြီးဖြစ်သော ခရီးသွားဦးရေ တိုးပွားမှုအရှိန်အဟုန်ကို ထပ်မံမြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အရောက်တွင် မြန်မာနိုင်ငံသို့ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်းခန့် လာရောက်လည်ပတ်မည်ဟု ခန့်မှန်းရကြောင်းစသည်ဖြင့် ရေးသားဖော်ပြသည်။

ယနေ့ မာတိကာ

ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာနှင့် ၎င်းနှင့် ထိတွေ့သူများတွင် ကူးစက်မြန် အီဘိုလာရောဂါပြီး လုံးဝမရှိ — စာမျက်နှာ-၅

Miss Asia Pacific World 2014 ဆုရှင် မေမြတ်နိုး အမှားမကျူးလွန်၍ သရုပ်ကိုပြန်လည်သွားရောက်အပ်နှံမည်မဟုတ်ကြောင်း ပြောကြား — စာမျက်နှာ-၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လူတိုင်းဖုန်းသုံးနိုင်တဲ့ခေတ်

"ခုလို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)က ဆင်းကတ်တွေကိုဆိုင်တွေမှာ လွတ်လွတ်လပ်လပ် ရောင်းပေးတော့ ကောင်းတာပေါ့ဗျာ၊ လိုသလောက်ဝယ်နိုင်တယ်ဆိုတော့ လူတိုင်းဖုန်းသုံးနိုင်သွားတာပေါ့"

"မိုဘိုင်းဖုန်းဆိုတာ လူတိုင်းရှိသင့်ပါတယ်။ ဒါလေးရှိထားတော့ ဘာမဆိုလုပ်ရကိုင်ရတာ အဆင်ပြေပါတယ်။ သာရေးနာရေးကအစ စီးပွားရေးအဆုံးဆိုသလို ပြောဆိုဆက်သွယ်ရတာ အဆင်ပြေပါတယ်"

"အလှည့်ကျမဲစနစ်နဲ့တုန်းက မကိုင်ရဘူး၊ အခုမှဖုန်းကိုင်နိုင်တာ၊ အခုကတော့ မြို့သူမြို့သားတွေတောင် မဟုတ်တော့ဘူး ရွာတွေထဲမှာလည်း ဖုန်းတွေသုံးတဲ့သူတွေအားကြီးပဲ" ဟူသော စကားသံများကို မိုဘိုင်းဖုန်းအရောင်းဆိုင် ပတ်ဝန်းကျင်တစ်ဝိုက်တွင် ကြားသိနေရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိဘပြည်သူများ တန်ဖိုးနည်း SIM ကတ်များပိုမိုလွယ်ကူစွာ ဝယ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်ပြီး စက်တင်ဘာ ၁ ရက်မှစတင်ကာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ လက်လီအရောင်းဆိုင်များတွင် ကျယ်ကျယ်ပြန့်ပြန့်ရောင်းချပေးလိုက်ပြီဖြစ်ပါသည်။ ဤသို့ရောင်းချပေးနိုင်ခြင်းကပင် လက်ရှိနိုင်ငံတော်အစိုးရလက်ထက် မြန်မာ့ဆက်သွယ်ရေးကဏ္ဍ၏ သိသာထင်ရှားသော အရွှေ့တစ်ခုပင်ဖြစ်သည်။ တစ်နည်းအားဖြင့် လူတိုင်းမိုဘိုင်းဖုန်းအသုံးပြုလာနိုင်သည့် ခေတ်သို့ရောက်ပြီဟု ဆိုရပေလိမ့်မည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မိုဘိုင်းဖုန်းများကို နှစ်အလိုက်တိုးချဲ့တပ်ဆင်ပေးလျက်ရှိရာ တယ်လီဖုန်းများ၏ ကနဦးတပ်ဆင်ခကိုလည်း ၂၀၁၂ ခုနှစ် မတ်လမှစတင်ကာ WCDMA မိုဘိုင်းဖုန်းများကို မူလဈေးနှုန်းငွေကျပ်ငါးသိန်းမှ နှစ်သိန်းခွဲသို့လည်းကောင်း၊ GSM,CDMA-450, CDMA-800 မိုဘိုင်းဖုန်းများကိုလည်း ငွေကျပ်နှစ်သိန်းသို့လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ မိုဘိုင်းဖုန်း SIM ကတ်များကိုတစ်ခုလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့်လည်းကောင်း ဈေးနှုန်းများအဆင့်ဆင့် လျှော့၍ ရောင်းချပေးခဲ့ပါသည်။

နိုင်ငံတော်လူဦးရေ၏ တယ်လီဖုန်းသိပ်သည်းဆမှာလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၄ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်မူ တယ်လီဖုန်းသိပ်သည်းဆကို ၅၀ ရာခိုင်နှုန်း အထိလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် သိပ်သည်းဆ ၈၀ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်လာအောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လက်ရှိအနေအထားအရဆိုလျှင် တယ်လီဖုန်းသိပ်သည်းဆသည် ရည်မှန်းထားသည်ထက်စောပြီး ပြည့်မီလိမ့်မည်ဟုမျှော်လင့်ရသည်။ လက်ရှိအခြေအနေတွင် တယ်လီဖုန်းကို မသုံးမဖြစ်အမှန်တကယ် ဝယ်ယူအသုံးပြုလိုသူတိုင်းသည် အသုံးပြုလာနိုင်ပြီဖြစ်သည်။ သို့သော် မည်သည့်နေရာတွင်မဆို အကောင်းအဆိုးတို့သည် ဒွန်တွဲလျက်ရှိပါသည်။ အကောင်းချည်းမရှိနိုင်သလို အဆိုးချည်းလည်းမရှိနိုင်ပါ။ မိုဘိုင်းဖုန်းများအလွယ်တကူအသုံးပြုလာနိုင်ခြင်းကြောင့် ကောင်းပါသည်။ မိုဘိုင်းဖုန်းများမှတစ်ဆင့် လူမှုရေး ကွန်ရက်များကိုအသုံးပြုကာ တစ်ဦးနှင့်တစ်ဦးအကြား၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား၊ ဘာသာတစ်ခုနှင့်တစ်ခုအကြား အမုန်းတရားကိုဖြစ်စေသည့် အမုန်းစကား (Hate Speech) များ ပြောဆိုရေးသားဖော်ပြခြင်းများ မပြုလုပ်မိဖို့လိုပါသည်။ မိုဘိုင်းဖုန်းများကိုအသုံးပြုပြီး မိမိတို့၏လူမှုစီးပွားဘဝတိုးတက်ရေး အသုံးပြုနိုင်သကဲ့သို့ အင်တာနက်မှတစ်ဆင့် တန်ဖိုးရှိသော သတင်းစကားနှင့်ဗဟုသုတ ဖြစ်ဖွယ်ရာများ ရှာဖွေကြခြင်းဖြင့် တိုးတက်ခြင်းအကြောင်းတရားများကို ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း။ ။

အခွန်ဆောင်လို့ဘဏ္ဍာတိုးတိုင်းပြည်စီးပွားဖွံ့လို့ဖြိုး

ပြည်တွင်းသတင်း

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့် မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

နေပြည်တော် စက်တင်ဘာ ၂

(၂၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး (25th ASE- AN SUMMIT) ကို နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် www. asean 2014.gov.mm မှ Home Page တွင် ရှိသည့် Upcoming Events ၌ (25th ASEAN SUMMIT) ကို နှိပ်၍ Registration Link ကို နှိပ်ကာ MEDIA REGISTRA-TION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံ တင်ခြင်းကို အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော်ရှိ Sky Palace Hotel ၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့် ပတ်သက်၍ သိရှိလိုပါက အာဆီယံရေးရာဦးစီးဌာန ဖုန်း-၀၆၇- ၄၁၂၂၂၇ နှင့် ၄၁၂၀၅၅၇ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၅၅နှင့် ၄၁၂၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ညောင်လေးပင်ဘောလုံးကွင်းဘက်စုံပြုပြင်ပေးရန်လိုအပ်နေ

ထင်သာမြင်သာပြုပြင်စရာ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့သည် တစ်ချိန်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများထွက်ပေါ်ခဲ့ဖူးပါသည်။ ယခင်က ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ တင်းနစ်စသည့် ကစားနည်းများတွင် မြို့နယ်မှ ထူးချွန်အားကစားသမားများပေါ်ထွက်ခဲ့ဖူးပါသည်။

ယခု လောလောဆယ် ပူပူနွေးနွေးအဖြစ် ၂၀၁၄ ခုနှစ် ဘရူနိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက် (၁၉)နှစ် အောက် ဘောလုံးအသင်းထဲတွင် ကျောနံပါတ် (၄)ဖြင့် နောက်တန်းမှကစားခဲ့သော မောင်နိုင်လင်းထွန်းသည် ညောင်လေးပင်မြို့ မြို့မ(၅) ရပ်ကွက်မှဖြစ်ပြီး နိုင်ငံ့ဂုဏ်နှင့် မြို့နယ်ဂုဏ်ကို ဆောင်နိုင်ခဲ့သူ အားကစားသမားကောင်း ဖြစ်သည်။ ယခင်က ညောင်လေးပင်မြို့ကို ဇုန် အဖြစ်သတ်မှတ်၍ ဒိုက်ဦး၊ ရွှေကျင်၊ ညောင်လေးပင်၊ ကျောက်တံခါးလေး မြို့နယ်ဘောလုံးပွဲများ ကျင်းပခဲ့ဖူးသည်။

ယခုအခါတွင် မြို့နယ်အဆင့် ပြိုင်ပွဲများ ကျင်းပနိုင်ရန်အတွက် ဘောလုံးကွင်းမှအစ ပွဲကြည့်စင် အားကစားရုံများယိုယွင်း ပျက်စီးနေပါ၍ ဘောလုံးပွဲကျင်းပရန်နှင့် မျိုးဆက်သစ် အားကစားလူငယ်များ လေ့ကျင့်ကစားရန် အခက်အခဲများနှင့် ကြုံတွေ့နေရသည်။ အားကစားလူငယ်တစ်ဦးကလည်း "ကျွန်တော်တို့မြို့နယ်အားကစားကွင်းက ရွှံ့ဗွက်တွေ၊ ရွှံ့ခွံ့တွေပေါများပြီး ချိုင့်တွေဖြစ်နေတယ်။ မြေကမည်ညာဘဲ မြက်ရိုင်းတွေပေါက်နေတဲ့အတွက် ဘောလုံးကစားရတာ အဆင်မပြေဘူး။ ခွားတွေမကြာခဏဝင်တယ်။ ကွင်းကကြမ်းတယ်။ ခြံစည်းရိုး အုတ်တံတိုင်းတွေကလည်း ကျိုးတဲ့ဟာကျိုးပေါက်နေတဲ့အတွက် လုံခြုံမှုမရှိဖြစ်နေတယ်။ အခုမြို့နယ် အားကစားကွင်းမကောင်းတဲ့အတွက် အားကစားကို လက်လျှော့ရမလိုဖြစ်နေပါတယ်" ဟုဖွင့်ဟသည်။

မြန်မာ့အားကစားတိုးတက်ရေးနှင့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွန်းစေရန် ရည်ရွယ်၍ သက်ဆိုင်ရာမှ အားကစားကွင်းနှင့် ပွဲကြည့်စင်၊ အားကစားလေ့ကျင့်ရုံတို့ကို အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း၊ ဒေသခံ မျိုးဆက်သစ် အားကစားလူငယ်များနှင့် မိဘပြည်သူများက ဆန္ဒရှိနေပါကြောင်းတင်ပြအပ်ပါသည်။

(၀၃၈)

မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

မန္တလေး စက်တင်ဘာ ၂

မန္တလေး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် တော်ဝင်မြန်မာကိုယ်ပိုင် အထက်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲကို ဩဂုတ် ၃၀ ရက်က ကျင်းပသည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်ဦးစီးမှူး ဦးထက်အောင်က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း လက်တွေ့ဒြိမ်းသတ်ခြင်းများ သရုပ်ပြသခဲ့ကြောင်းသိရသည်။

(၀၂၆)

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ စင်ကာပူနိုင်ငံ ချန်ဂီ အပြည်ပြည် ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိ လာရာ စင်ကာပူ နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆို နှုတ်ဆက် ကြစဉ်။

(သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြန်မာ့ "အ" သုံးလုံးရွှေရတု အထိမ်းအမှတ်အခမ်းအနားကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂

၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာမှ စတင်၍ နိုင်ငံတစ်ဝန်း စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုကြီးအဖြစ် ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံစာတတ်မြောက်ရေး (အ-သုံးလုံး) လုပ်ငန်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို စက်တင်ဘာ ၇ ရက်နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေဝိဇ္ဇာခန်းမ၌ (တက္ကသိုလ်ကျောင်းသားဟောင်းများ ဖွဲ့စည်းထားသော) စာတတ်မြောက်ရေးနှင့် ဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က ဦးစီးကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် လွန်ခဲ့သောနှစ် (၅၀)အတွင်းက ဆောင်ရွက်ခဲ့သော 'အ' သုံးလုံးလုပ်ငန်းမှအထိမ်းအမှတ်ပစ္စည်းများပြသခြင်း၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၄၊ 'အ' သုံးလုံး ကျောင်းသားများ၏ ပဲ့တင်သံမဂ္ဂဇင်းများနှင့် နှစ်(၅၀)ပြည့် ရွှေရတုမဂ္ဂဇင်းထုတ်ဝေဖြန့်ချိခြင်း၊ အထိမ်းအမှတ်ပစ္စည်းများ ဖြန့်ဝေရောင်းချခြင်းနှင့် ရွှေရတုသဘင် မော်ကွန်းတင်စာတမ်းဖတ်ကြားခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ၁၉၆၄-၁၉၈၄ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းပေါင်းစုံမှ 'အ' သုံးလုံးအဖွဲ့ဝင်ဟောင်းများ၊ ၂၀၁၃-၂၀၁၄ စာတတ်မြောက်ရေး တက္ကသိုလ်လုပ်အားပေး မျိုးဆက်သစ်အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပညာရေးစနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် ပညာရှင်များ၏အကြံပြုချက်များ ရယူဆောင်ရွက်ရန်လို

နေပြည်တော် စက်တင်ဘာ ၂

ပညာရေးဝန်ကြီးဌာန အမျိုးသား ပညာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်တို့ တက်ရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပညာရေးနှင့် ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း(**ယာပုံ**)က ပြောကြားရာတွင် အမျိုးသားပညာရေးဥပဒေအတည်ပြု ပြဋ္ဌာန်းရန်ရှိပါကြောင်း၊ ထို့နောက် အဆင့်မြင့်ပညာရေးဥပဒေကို ဆက်လက်ရေးဆွဲရမည်ဖြစ်၍ ယနေ့တွင် အဆင့်မြင့်ပညာရေးဥပဒေ(မူကြမ်း)ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဥပဒေရေးဆွဲအတည်ပြုပြီးပါက တက္ကသိုလ်များ လွတ်လပ်စွာ ရပ်တည်စီမံခန့်ခွဲကြရတော့မည်ဖြစ်ကြောင်း၊ တက္ကသိုလ်များ၏လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းရန်အတွက် လွတ်လပ်စွာ ဖွဲ့စည်းထားသော အဖွဲ့ကသာ ဆောင်ရွက်တော့မည် ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို လာမည့်နှစ်တွင်စတင်နိုင်ရန် တက္ကသိုလ်အလိုက် စီမံကိန်းနှင့် ဘဏ္ဍာငွေလိုအပ်ချက်များကို ရေးဆွဲကြရန်ဖြစ်ကြောင်း၊

Planning & Budgeting ကိစ္စရပ်များအပါအဝင် လိုအပ်ချက်များကို တက်ရောက်လာသည့် ဝန်ကြီးဌာနများမှကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းတင်ပြကြဖို့လိုကြောင်း၊ အထူးသဖြင့် စနစ်တစ်ခုမှတစ်ခုသို့ ကူးပြောင်းရာတွင် ညင်သာချောမွေ့စွာဖြင့် အောင်မြင်စွာ ကူးပြောင်းဆောင်ရွက်ရန် နိုင်ငံရေးအတွက် နိုင်ငံတကာတက္ကသိုလ်များ၏ အတွေ့အကြုံနှင့်သင်ခန်းစာများ၊ ပညာရှင်များ၏ အကြံပြုချက်များကိုရယူ၍ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဆွေးနွေးရာတွင် တက္ကသိုလ်များ၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပါဝင်ဆောင်ရွက်တော့မည်မဟုတ်ကြောင်း၊ ဥပဒေအရ လွတ်လပ်စွာဖွဲ့စည်းရပ်တည်ထားသောအဖွဲ့ကသာ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အသွင်ကူးပြောင်းရေးကာလတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်သူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန်ဖြစ်ကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲတွင် တက္ကသိုလ်များ လွတ်လပ်စွာစီမံခန့်ခွဲခွင့်နှင့် အမျိုးသားပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တက်ရောက်လာကြသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဖြည့်စွက်ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ညနေ ၃ နာရီခွဲတွင် ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ပညာရေးတက္ကသိုလ် ရွှေရတုအထိမ်းအမှတ်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်ပညာရေးတက္ကသိုလ်၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် နံနက်ပိုင်းတွင် သံယာတော်များဆွမ်းကပ်လှူဒါန်းခြင်း၊ နေ့လယ်ပိုင်းတွင် ကျောင်းသားဟောင်းများ၏ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ညနေပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များဖြင့် မိတ်ဆုံးညစာစားပွဲ ကျင်းပခြင်းစသည့်အစီအစဉ်များကို နှစ်(၅၀) ပြည့် ရွှေရတုနေ့ကျရောက်သည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်သည်။ သို့ဖြစ်၍ ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အမိတက္ကသိုလ်၏ နှစ်(၅၀)ပြည့် မွေးနေ့အလှူနှင့် ဂုဏ်ပြုမိတ်ဆုံ ညစာစားပွဲအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပြီး မိတ်ဆုံးညစာစားပွဲ လက်မှတ်များကို လည်း စတင်ဝယ်ယူအားပေးနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

နိုင်ငံတကာသတင်း

မြို့ကိုသိမ်းရန်ကြိုးစားသည့် ဘိုကိုဟာရမ်သူပုန်များ နိုင်ဂျီးရီးယားအစိုးရတပ်များက ပြန်လည်တိုက်ထုတ်

ဘော်နို စက်တင်ဘာ ၂

နိုင်ဂျီးရီးယားအစိုးရတပ်များက နိုင်ငံအရှေ့မြောက်ပိုင်း ဘာမာမြို့ရှိ ဘိုကိုဟာရမ်စစ်သွေးကြွများ၏ တိုက်ခိုက်မှုကို ပြန်လည်တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

သူပုန်အဖွဲ့က တနလ်ာနေ့နံနက်ပိုင်းတွင် အဆိုပါဒေသရှိ မြို့ကို ဝင်ရောက်စီးနင်းသိမ်းပိုက်ရန် ကြိုးစားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ခုခံတိုက်ခိုက်မှုအတွင်း စစ်သွေးကြွတိုက်ခိုက်ရေးသမား ဒါဇင်ပေါင်းများစွာသေဆုံးခဲ့သည်ဟု ဆိုသည်။ သို့သော် ၎င်းတို့က သေဆုံးမှုအပေါ် အတည်ပြုပြောကြားခြင်းမရှိပေ။

ဘိုကိုဟာရမ်အဖွဲ့က နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းဒေသရှိ မြို့ရွာများကို ထိန်းချုပ်ပြီး အစ္စလာမ္မစ်နိုင်ငံထူထောင်သွားရန် မကြာသေးမီက ကြေညာထားသည်။ ဘာမာမြို့သည် ဘော်နိုပြည်နယ်၏ မြို့တော် မိုင်ဒူဂူရီမှ ၄၄ မိုင်အကွာ၌ တည်ရှိသည်။

"ဘိုကိုဟာရမ်အဖွဲ့က ဘာမာမြို့ထဲကို ဝင်သိမ်းဖို့ကြိုးစားခဲ့တာပါ။ ဒါပေမယ့် ရွှေ့လျားရဲစခန်းရဲ့အနီးအစိုးရတပ်တွေက စခန်းချနေတာကြောင့် သူတို့ကို ပြန်လည် တိုက်ထုတ်နိုင်ခဲ့တာပါ"ဟု မျက်မြင်တွေ့ရှိသူ မိုဟာမက်ဘူနုအာမက်က ရိုက်တာသို့ ပြောသည်။

သို့သော်လည်း မြို့ခံပြည်သူအများစုသည် တိုက်ပွဲကြောင့် ထွက်ပြေးကြရသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ဂျပန်နိုင်ငံ၌ နှစ် ၇၀ အတွင်း ပထမဆုံးအကြိမ် သွေးလွန်တုပ်ကွေးဖြစ်ပွား

တိုကျို စက်တင်ဘာ ၂

ဂျပန်အစိုးရက နှစ် ၇၀ နီးပါးအတွင်း ပထမဆုံးအကြိမ် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။

အဆိုပါ ရောဂါသည် တိုကျိုမြို့၏ နာမည်ကျော်ဥယျာဉ် ယိုဂိုဂိုသို့ လာရောက်ကြသော ခရီးသွားများ ထံမှ စတင်ဖြစ်ပွားသည်ဟု ယုံကြည်ရကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဂျပန်နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါကို ၁၉၄၅ ခုနှစ်က နောက်ဆုံးဖြစ်ပွားခဲ့သည်ဟု မှတ်တမ်းများအရ သိရသည်။ ခြင်ကြောင့် ဖြစ်ပွားပျံ့နှံ့လာသည့် အဆိုပါ ရောဂါသည် အပြင်းအထန်ဖျားနာပြီး ခန္ဓာကိုယ်ကို နာကျင်စေနိုင်သည်။

အချို့ရောဂါကူးစက်ခံရသူများသည် ဆေးရုံဆေးခန်းသို့ တက်ရောက်ကုသရန်လိုအပ်ပြီး ပေါ့ဆပါက အသက်အန္တရာယ်စိုးရိမ်ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

သွေးလွန်တုပ်ကွေးသယ်ဆောင်နိုင်သော ခြင်များသည် ခရီးသွားများ ထံမှ ပိုင်းရပ်စ်ပိုးများသယ်ဆောင်လာကြောင်း၊ အပူပိုင်းဒေသများသို့ ခရီးသွားရောက်စဉ် ပိုင်းရပ်စ်ပိုးများ သယ်ဆောင်လာကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ယခုအခါ ဂျပန်အစိုးရက အဆိုပါ ဥယျာဉ်ပန်းခြံသို့ သွေးလွန်တုပ်ကွေးခြင်များ မပြန့်ပွားစေရန် အစီအမံများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါသည် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကရှိ နိုင်ငံပေါင်း ၁၀၀ ကျော်တွင် ပုံမှန်ဖြစ်ပွားလျက်ရှိရာ ယခုနှစ်အတွင်း မလေးရှားနိုင်ငံတွင် သွေးလွန်တုပ်ကွေးကြောင့် အနည်းဆုံး လူပေါင်း ၈၇ ဦး သေဆုံးခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ်က အိန္ဒိယနိုင်ငံ၌ ယင်းရောဂါကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည်။ **(ဘီဘီစီ)**

အာဖဂန် သမ္မတလောင်းနှစ်ဦး အာဏာခွဲဝေအုပ်ချုပ်ရန် သဘောတူညီမှုမရသေး

ကဘူးလ် စက်တင်ဘာ ၂

အာဖဂန်ပြိုင်ဘက်သမ္မတလောင်းတို့အကြား အာဏာခွဲဝေအုပ်ချုပ်ရေး ဆွေးနွေးပွဲမှာ မအောင်မြင်ကြောင်း အာဖဂန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီဆွေးနွေးပွဲက လွန်ခဲ့တဲ့နှစ်ရက်က ပျက်သွားပါပြီ။ နှစ်ဖက်ဆွေးနွေးဖို့ အဆင်မပြေခဲ့ပါဘူး"ဟု သမ္မတလောင်း အဗ္ဒုလာ၏လက်ထောက် မိုဟာမက်မိုဟာကေးက ပြောကြားသည်။ နှစ်ဖက်ပြိုင်ဘက်အကြီးအကဲတွေအကြား အာဏာခွဲဝေအုပ်ချုပ်ရေး သဘောတူညီမှုမရခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ပြိုင်ဘက်သမ္မတလောင်းနှစ်ဦးဖြစ်သည့် အဗ္ဒုလာ အဗ္ဒုလာနှင့်အက်ရှ်ရပ် (ဖ)ဂနီ့တို့သည် ဩဂုတ် ၈ ရက်က စုစည်းသော အစိုးရတစ်ရပ်ဖွဲ့စည်းရန် သဘောတူခဲ့ကြသည်။ ယင်းသဘောတူညီမှုအပေါ် အာဏာခွဲဝေအုပ်ချုပ်ရေးဆွေးနွေးပွဲမှာ မအောင်မြင်ဘဲဖြစ်ခဲ့ရသည်။ **(ဘီဘီစီ)**

လစ်ဗျားစစ်သွေးကြွများ အစိုးရဌာနများကို သိမ်းပိုက်အယ်တင်နီကို ဝန်ကြီးချုပ် ပြန်ရွေး

ထရီပိုလီ စက်တင်ဘာ ၂

လစ်ဗျားစစ်သွေးကြွများသည် မြို့တော်ထရီပိုလီရှိ အစိုးရဌာနအများစုကို သိမ်းပိုက်ခဲ့ကြောင်း အစိုးရက ပြောကြားခဲ့သည်။

လက်နက်ကိုင်တပ်သားများက ဝန်ထမ်းများရုံးတက်ခြင်းကို တားဆီးပိတ်ဆို့ခဲ့ကြောင်း ထုတ်ပြန်ကြေညာချက်တစ်ခုတွင် ထပ်လောင်းဖော်ပြခဲ့သည်။ တနင်္ဂနွေနေ့တွင် စစ်သွေးကြွများသည် အမေရိကန်သံရုံးကို သိမ်းပိုက်ခဲ့ပြီး ဗီဒီယိုများထဲတွင် ပျော်ရွှင်နေသော တပ်ဖွဲ့ဝင်များက လသာဆောင်မှ ရေကူးကန်ထဲသို့ ဒိုင်ဗင်ထိုးချနေသည့် ရုပ်ပုံများကို ထည့်သွင်းဖော်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် လွန်ခဲ့သောအပတ်က နုတ်ထွက်ခဲ့သော အဗ္ဗဒုလာ အယ်လ်တင်နီကို ဝန်ကြီးချုပ်အဖြစ် ပြန်လည်တင်မြှောက်ခဲ့ကြသည်။ ၂၀၁၁ တွင် အနောက်နိုင်ငံများ၏ အကူအညီဖြင့် လစ်ဗျားစစ်သွေးကြွများက အာဏာမှ ဖယ်ရှားခဲ့သော ပိုလ်မှူးကြီး မွမ်မာကဒါဖီလက်ထက်ကတည်းက လစ်ဗျားသည် မင်းမဲ့တိုင်းပြည်အဖြစ် ကျရောက်ခဲ့သည်။

ထိုအချိန်မှစ၍ စစ်သွေးကြွများသည် ၎င်းတို့အချင်းချင်း အာဏာရရှိရေးအတွက် တိုက်ခိုက်လာခဲ့ကြသည်။ အစ္စလာမ္မစ်အစွန်းရောက်အုပ်စုဖြင့် ချိတ်ဆက်ထားသော "လစ်ဗျားတပ်ဦး"အဖွဲ့သည် ထရီပိုလီကို လွန်ခဲ့သော အပတ်က သိမ်းပိုက်ခဲ့သည်။

အစိုးရအရာရှိကြီးများနှင့် ရွေးချယ်ခံလွှတ်တော်အမတ်သည် မိုင်ပေါင်း ၆၂၀ ထက် ပိုဝေးသော အရှေ့ပိုင်းမြို့တော် တော့ဘ်လက်ခ်သို့ ပြောင်းရွှေ့ခဲ့ကြကြောင်း အစိုးရထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။ ထရီပိုလီမြို့ကို ထိန်းချုပ်ရန် တိုက်ခိုက်မှုများ အရှိန်မြင့်လာသောကြောင့် အမေရိကန်နှင့် အခြားနိုင်ငံများက ၎င်းတို့၏သံရုံးဝန်ထမ်းများကို ဇူလိုင်လကတည်းက ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။

ယင်းမြို့တွင် လစ်ဗျားဗဟိုဘဏ်နှင့် နိုင်ငံပိုင်ရေနံကုမ္ပဏီတို့ တည်ရှိသည်။ ဇူလိုင်လတွင် ရွေးကောက်တင်မြှောက်ခဲ့သော လွှတ်တော်အမတ်က ပြန်လည်ရာထူးခန့်အပ်ခဲ့သော မစ္စတာတင်နီသည် စွမ်းရည်ထက်မြက်သော အစိုးရသစ်တစ်ရပ်ဖွဲ့စည်းသွားလိမ့်မည်ဟု ပြောကြားခဲ့သည်။

၂၀၁၁ တော်လှန်ရေးတွင် ပိုလ်မှူးကြီးကဒါဖီ သေဆုံးခဲ့ပြီးနောက် ဤရွေးကောက်ပွဲသည် ဒုတိယအကြိမ်မြောက်ရွေးကောက်ပွဲဖြစ်သည်။ သို့သော်လည်း ဆန္ဒမဲများက လစ်ဗျားတွင် တည်ငြိမ်အေးချမ်းမှုရရှိအောင် ပြန်လည် လုပ်ဆောင်ပေးမည့် မျှော်လင့်ချက်များသည်လည်း လက်တွေ့တွင် အမှန်တကယ်ဖြစ်လာဖို့ရန် ခဲယဉ်းနေဆဲဖြစ်သည်။

(ဘီဘီစီ)

အီရတ်ရှီးယိုက်နှင့် ကာ့ဒ်ပူးပေါင်းတပ်ဖွဲ့ အိုင်ဆစ်တို့အား ဆက်လက်တိုက်ခိုက်

ဘဂ္ဂဒက် စက်တင်ဘာ ၂

အီရတ်ရှီးယိုက်ပြည်သူ့စစ်နှင့် ကာ့ဒ်တပ်ဖွဲ့ဝင်များက အီရတ်မြောက်ပိုင်းကို ဝိုင်းထားပြီးနောက် အစ္စလာမ္မစ်စစ်သွေးကြွများအား ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

အဆိုပါပူးပေါင်းတပ်ဖွဲ့က ဆူလမန်စစ်သွေးကြွခံတပ်ကို သိမ်းပိုက်လိုက်သည်။ အိုင်ဆစ်စစ်သွေးကြွများအနေဖြင့် အီရတ်မြောက်ပိုင်းရှိ လူမျိုးစုများအား ပိတ်ဆို့တိုက်ခိုက်နေသည့် အထောက်အထားသစ်တွေ့ရကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ပြောသည်။

အီရတ်နိုင်ငံအတွင်း လွန်ခဲ့သောလများက အိုင်ဆစ်ဟုခေါ်သော အိုင်အက်စ်တို့က အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်တင်လုပ်ဆောင်လာပြီး အီရတ်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို ထိန်းချုပ်လာသည်။

ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ထောင်ပေါင်းများစွာသောပြည်သူများ သေဆုံးခဲ့ရသည်။ သေဆုံးသူအများစုမှာ အရပ်သားများဖြစ်ပြီး လူပေါင်းတစ်သန်းကျော် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်ကြေငြာ

၂၀၁၄ ခုနှစ် သြဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၄ ခုနှစ် သြဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဘိန်းသုံးမှု အလေးချိန် ၁၆ ဒသမ ၁၁၄ ကီလို၊ ဘိန်းဖြူ ၄၈ မှု အလေးချိန် ၀ ဒသမ ၇၉၃၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄မှု ဆေးပြားအရေအတွက် ၃၂၃၈၃၀၊ စိတ်ကြွအကြေမှုန့် တစ်မှု ၀ ဒသမ ၀၀၁ ကီလို၊ ဘိန်းဆီခဲသုံးမှု အလေးချိန် ၀ ဒသမ ၀၂၁ ကီလို၊ အဆင့်နိမ့်ဘိန်းသုံးမှု၊ အလေးချိန် ၃ ဒသမ ၃၇၇၁ ကီလို၊ ဆေးခြောက်နှစ်မှု အလေးချိန် ၀ ဒသမ ၀၂၈၆ ကီလို၊ အိုကိုစ်တစ်မှု အလေးချိန် ၀ ဒသမ ၀၀၀၀၂ ကီလို၊ အမှုပေါင်း ၁၁၅ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၁၅ ဦး၊ အမျိုးသမီးတရားခံ ၃၂ ဦး စုစုပေါင်းတရားခံ ၁၄၇ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာနှင့်ဌင်းနှင့်ထိတွေ့သူများတွင် ကူးစက်မြန်အီဘိုလာရောဂါပိုးလုံးဝမရှိ

နေပြည်တော် စက်တင်ဘာ ၂

ကူးစက်မြန်အီဘိုလာရောဂါ စောင့်ကြည့်ရှုရေး လုပ်ငန်းဆောင်ရွက်မှုအရ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာနှင့် ဌင်းနှင့် အနီးကပ်ထိတွေ့သူလေးဦးတို့၏ ကျန်းမာရေးအခြေအနေသည် လုံးဝကောင်းမွန်လျက်ရှိသည်။

ဌင်းတို့ငါးဦး၏ ဓာတ်ခွဲနမူနာကို ကူးစက်မြန်အီဘိုလာရောဂါ ဟုတ်မဟုတ် အတည်ပြုနိုင်ရန် သြဂုတ် ၂၉ ရက်က ဂျာမနီနိုင်ငံ ဟန်းဘတ်မြို့ရှိ ဗိုင်းရပ်စ်ဗေဒဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာ ငါးဦးစလုံး၏ ဓာတ်ခွဲနမူနာတွင် **ကူးစက်မြန်အီဘိုလာရောဂါပိုး လုံးဝမရှိကြောင်း** ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် လက်နက်/ခဲယမ်းများဖမ်းဆီးရမိမှုမှ တိမ်းရှောင်နေသော ရဲထွန်းကျော်ကို မြောက်ဦးမြို့တွင် ဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၂

သြဂုတ် ၂၉ ရက်က ရန်ကုန်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၁၀၀၀၊ ဘိန်းဖြူဘလောက်တုံး တစ်တုံး အလေးချိန် ၃၅၀ ဂရမ်နှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိသောအမှုမှ မူးယစ်ဆေးဝါးများ ရောင်းချခိုင်းသူ Natural Force Co.,Ltd. ကုမ္ပဏီပိုင်ရှင် ရဲထွန်းကျော်သည် ရခိုင်ပြည်နယ် စစ်တွေမြို့ ဘက်သို့ တိမ်းရှောင်သွားကြောင်း သတင်းအရ သြဂုတ် ၃၁ ရက်တွင် မူးယစ်တပ်ဖွဲ့စု (၄၇)စစ်တွေ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ပုဏ္ဏားကျွန်း-ကျောက်တော်သွား ငါးမိုင်အကွာ ယိုးဂူဆိပ်ကမ်းတွင် စုံစမ်းမှုများ ပြုလုပ်ခဲ့ရာ ၄၄းသည် သြဂုတ် ၂၉ ရက်ညပိုင်းက YGN-2E/8123 Kluger မော်တော်ယာဉ်ဖြင့် အမ်းမြို့သို့ ထွက်ခွာသွားသည်ဟု သိရှိရကြောင်း။

သြဂုတ် ၃၁ ရက် ည ၁၀ နာရီ ကျော်ခန့်တွင် ပူးပေါင်းအဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်နေ ဒေါ်ကြာဇံလှနေအိမ်တွင် ရဲထွန်းကျော်စီးသွားသည့် YGN-2E/8123 Kluger မော်တော်ယာဉ်ကို တွေ့ရှိ စုံစမ်းရာမှ ၄၄းသည် သြဂုတ် ၃၀ ရက် နံနက်ပိုင်းက မြောက်ဦးမြို့ရှိ သူငယ်ချင်းဖြစ်သူ ဦးကျော်ဆန်း၏ နေအိမ်၌ ရောက်ရှိနေကြောင်း သတင်းကွင်းဆက်အရ မြောက်ဦးခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ချိတ်ဆက်၍ မြောက်ဦးမြို့ တောင်ရပ် (၂)လမ်းနေ ဦးကျော်ဆန်း၏နေအိမ်ကို စက်တင်ဘာ ၁ ရက် ညနေ ၆ နာရီ ၄၅မိနစ်တွင် ဝင်ရောက်ရှာဖွေရာ ထွက်ပြေးတိမ်းရှောင်နေသော ရဲထွန်းကျော်(၃၅နှစ်)အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရဲထွန်းကျော်

ကသာမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

ကသာ စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် တုံးပေါကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်၏ မူးယစ်ဆေးဝါးများ အရှိန်အဟုန်မြင့် ဖော်ထုတ်ဖမ်းဆီးရေး ညွှန်ကြားချက်အရ စက်တင်ဘာ ၂ ရက် နံနက် ၆ နာရီက မူးယစ်တပ်စု (၆) ကသာမှ ရဲအုပ်ရောင်နီဝင်းနှင့်အဖွဲ့ ကသာ(မှ/ကျ)မှ ရဲအုပ်အောင်ကြည်မြင့်နှင့်အဖွဲ့၊ ကသာမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်လင်းဦးနှင့်အဖွဲ့၊ စစစ စရဖအဖွဲ့တို့ ပူးပေါင်းပြီး မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ တုံးပေါကျေးရွာနေ မနော်ကူးမ(ခ)မနော်၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၄၄း၏နေအိမ် အိပ်ခန်းဘေးရှိ စားပွဲပေါ်မှ အဖုံးအစိမ်းပါအဖြူရောင် ကော်ဘူးအတွင်းပလတ်စတစ်အကြည်ရောင်ဖြင့်ထည့်ထားသော တစ်ထုပ်လျှင် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ငါးပြားစီပါ အထုပ် ၁၈ ထုပ်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ ၊ အလေးချိန်ကိုးဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၄၅၀၀၀၀ ခန့်နှင့် ၄၄းတို့ မိသားစုအိပ်သည့် ခုတင်ခေါင်းရင်းမှဘိန်းရှူရာတွင် အသုံးပြုသည့် ရေသန့်ဘူးတွင် ဝါးပိုက်တပ်လျက် (တော်ပါဘူး) တစ်ခု၊ တော်ပါရည် ၀ ဒသမ ၅ လီတာခန့်ပါ ရေသန့်ဘူးတစ်ဘူးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ရဲအုပ်ရောင်နီဝင်းက ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

စစ်ဆေးဆောင်ရွက်

မနော်ကူးမ(ခ)မနော်၏ အစစ်ခံထွက်ဆိုချက်အရ အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများကို သြဂုတ် ၂၀ ရက် ညနေ ၃ နာရီခွဲက ကသာမြို့နယ် ဖိုးသာအောင်ကျေးရွာနှင့် သစ်ဖြူကုန်းကျေးရွာနေထိုင်သည်ဟု သိရသော ခင်မင်ရင်းနှီးသူ လှထွန်းဆိုသူက စက်လှေဖြင့် လာရောက်၍ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ တစ်ထုပ်လျှင် ငွေကျပ် ၁၈၀၀၀၀ ဖြင့် လာရောက်ရောင်းချခဲ့သောပစ္စည်းများမှ လက်ကျန်ပစ္စည်းများဖြစ်ကြောင်း သိရ၍ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ မနော်ကူးမ(ခ) မနော်(၃၉နှစ်) တုံးပေါကျေးရွာ ကသာမြို့နယ်နေသူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ပို့ဆောင်ပေးသူ လှထွန်းတို့အား ကသာမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

သိန်းနီနှင့် ဟိုပုံးမြို့နယ်တွင် ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ပြည်ကျုံးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂

သြဂုတ် ၃၀ ရက်က နမ့်စလပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သိန်းနီမြို့နယ် နားကုန်းကျေးရွာရွာလယ်လမ်းထိပ်တွင် တွေ့ရှိသူ ပြည်ကျုံးဆိုသူအားရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူ ၀ ဒသမ ၁ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄ ပြား သိမ်းဆည်းရမိသဖြင့် ပြည်ကျုံး(၅၂နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အရေးယူထား

သြဂုတ် ၃၁ ရက်က ဟိုပုံးမြို့မ ရဲစခန်းမှတပ်ဖွဲ့ဝင်များသည် ဟိုပုံးမြို့အထွက် ဟိုပုံး-လွိုင်လင်ကားလမ်းမပေါ်တွင် ဟိုပုံးမြို့ဘက်မှ တထွန်းဆိုသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အကျီယာဘက်လက်မောင်းအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၃၅ပြား သိမ်းဆည်းရမိသဖြင့် တထွန်း(၃၈နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တထွန်းအား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စိတ်ကြွရူးသွပ်ဆေးသည်
သင့်ဦးနှောက်ကို ပျက်စီးစေသည်သာမက
သင့်မိသားစုဘဝကိုပါ ပျက်စီးစေသည်ကို သတိပြုပါ

ဆောင်းပါး

စာနာစိတ်မျှဖြင့်သာ

စေတနာမောင်

စာနာစိတ်ဟူသည် ကိုယ်ချင်းစာတရား၊ အကြင်နာတရား တစ်နည်း အားဖြင့် နားလည်မှုပင်ဖြစ်သည်။ စာနာစိတ်မရှိလျှင် လူ့လောကကြီး မအေးချမ်းနိုင်ပေ။ စာနာစိတ်ဟုဆိုရာတွင် အပြန်အလှန်စာနာစိတ်ထား ရှိမှုဖြစ်သည်။ ချမ်းသာသူနှင့်ဆင်းရဲသူ၊ အလုပ်ရှင်နှင့်အလုပ်သမား၊ အုပ်ချုပ်သူနှင့်ပြည်သူတို့ စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စာနာစိတ်ထားရှိရန် ဆိုလိုခြင်းဖြစ်သည်။

ကိုယ်ချင်းစာတရားသည် မိမိအတွက် မဟုတ်ပေ။ တစ်ပါးသူအတွက်ဖြစ်သည်။ မိမိကိုယ်နှင့် နှိုင်းခိုင်းပြီး တစ်ပါးသူကို အကြင်နာတရားပေးရန်ဖြစ်သည်။ ချမ်းသာချင်သည်။ ဆင်းရဲမှုကို ရွံ့မုန်းသည်။ အသက်ရှည်ချင်သည်။ ဤအချက်များသည် စိတ်မှန်သူများတွင် အားလုံးအတူတူ ပင်ဖြစ်ပေါ်သည်။ အခြားသတ္တဝါများလည်း မိမိကဲ့သို့သာဖြစ်လိမ့်မည်ဟု ကိုယ်ချင်းစာတရားထားရမည်။ မိမိကိုယ်ကို သက်သေထားစစ်မေးကြည့်သော် စာနာစိတ်ပေါ်လာပေမည်။ ထိုအခါ အများကို အဆင်ပြေစေလိုသည့် စိတ်ဆန္ဒများဖြစ်ပေါ်လာကာ လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်လိုစိတ်၊ အများအကျိုးဆောင်ရွက်လိုစိတ်ဖြစ်ပေါ်လာမည်။ ပတ်ဝန်းကျင်တွင် အခြေအနေကောင်းများ ဖန်တီးပေးချင်လာမည်။ အများအကျိုးစီးပွားကို အောင်မြင်စေလိုသည်။ ယခုခေတ်တွင်လည်း လူမှုကူညီမှုအသင်းအဖွဲ့ များစွာပေါ်ပေါက်လျက်ရှိသည်။ မှန်ကန်ရန်သာ လိုအပ်သည်။

အကျိုးစီးပွားဖြစ်ပေါ်ရန်မှာ အကျိုးတရားကို ဖြစ်ပေါ်စေတတ်သည့် အခြေအနေကောင်းရှိရန် လိုသည်။ ဥပမာ-သစ်ပင်စိုက်ပျိုးနိုင်ရန် မြေ၊ ရေ၊ ရာသီဥတု လိုအပ်သကဲ့သို့ဖြစ်သည်။ ယင်းသို့ အခြေအနေကောင်းသည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ရှိမှသာ သုခအမည်ရှိ အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။

အလုပ်ရှင်က မိမိ၏ကိုယ်ကျိုးစီးပွားတစ်ခုတည်းကို မကြည့်ဘဲ အလုပ်သမားများ ထမင်းဝကြွပါစေဟု စာနာစိတ်ထားသကဲ့သို့ အလုပ်သမား ဘက်ကလည်း ဤအလုပ်ကို အမှီပြု အဆင်ပြေနေသည့်အတွက် အလုပ်ကို ကြိုးစားမည်ဆိုပါက အလုပ်ရှင်ရော အလုပ်သမားအတွက်ပါ တိုးတက်ကောင်းမွန်မည်ဖြစ်သည်။ တစ်ဖက်ဖက်က စာနာစိတ်ကင်းမဲ့သွားပြီဆိုမှ ဖြင့် ထိုလူမှုအသိုင်းအဝိုင်းသည် အောင်မြင်မှုရနိုင်တော့မည် မဟုတ်ပေ။ လူတိုင်း စာနာစိတ်ရှိရန် လိုအပ်သည်။ သို့မဟုတ်က ပြဿနာပေါ်ပေါက်သည်ချည်းပင်။ စာနာစိတ်ထားနိုင်လျှင် မည်သည့်ပြဿနာမျှ ပေါ်ပေါက်ခြင်း မရှိနိုင်ပေ။ မည်သူသေသေ၊ ငတေမာရင်ပြီးရော ဟူ၍ နှလုံးမသွင်းဘဲ အားလုံးက ကိုယ့်အပိုင်းနှင့်ကိုယ် အပြန်အလှန်စာနာစိတ်ထားတတ်ရန် ကြိုးစားကြရပေမည်။

အရပ်မျက်နှာအားလုံးကို စိတ်ဖြင့်လေ့လာကြည့်လျှင် မည်သည့်အရပ်မျက်နှာ၌ပင် ဖြစ်စေကာမူ မိမိထက် ချစ်ရသည့်နေရာမရှိဟု မြတ်စွာဘုရားက ဟောကြားထားကြောင်း မှတ်သားဖူးသည်။ ဥဒါန်းပါဠိတော် ဝိယတရသုတ်၌“အလုံးစုံ အရပ်တို့သို့ စိတ်ဖြင့်အစဉ်လျှောက်၍ ရှာဖွေသော်လည်း မိမိထက်ချစ်မြတ်နိုးသူ တစ်စုံတစ်ယောက်ကိုမျှ မရနိုင်။ ဤသို့ သူတစ်ပါးတို့ထက် မိမိကိုယ်ကို အသီးအခြားချစ်၏။ ထို့ကြောင့် မိမိအကျိုးစီးပွားလိုလားသူသည် သူတစ်ပါးကို မညှဉ်းဆဲရာဟု မြတ်စွာဘုရားက ဥဒါန်းကျူးရင့်တော်မူ၏” ဟု တွေ့ရှိရသည်။ သဘာဝအားဖြင့် လောကတွင် မိမိကိုယ်ကို အချစ်ဆုံးဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် မိမိကိုယ်ကို အချစ်ဆုံးပင်ဖြစ်ကြသည်။ မိမိကိုယ်ကို ချစ်သည့်ပုဂ္ဂိုလ်သည် တစ်ပါးသောသူကို ဒုက္ခပေး ပြဿနာရှာခြင်း မရှိပေ။ ပြဿနာရှာတတ်သူသည်သာ စာနာစိတ်မရှိသူပင်ဖြစ်သည်။

သံယုတ္တနိကာယ် ဝေဠုဒ္ဒါရေယျသုတ်တွင်လည်း မြတ်စွာဘုရားက မိမိမကြိုက်သည့်အလုပ်ကို တစ်ပါးသူကိုမပြုလုပ်ရန် ဟောကြားထားကြောင်း သိရသည်။ အဆိုပါသုတ်တော်၌ မြတ်စွာဘုရားက“ငါသည် အသက် ရှင်လို၊ မသေလို၊ ချမ်းသာလို၏။ ဆင်းရဲကို စက်ဆုပ်၏။ အကြင်သူသည် အသက်ရှင်လို၊ မသေလို၊ ချမ်းသာလိုသော၊ ဆင်းရဲကိုစက်ဆုပ်သော ငါ့အား ဇီဝိတန္ဒြေမှ ချငြားအံ့။ ငါသည် ထိုသူ၏ ထိုသတ်မှုကို မချစ်မနှစ်သက်။ ငါကလည်း အသက်ရှင်လို၊ မသေလို၊ ချမ်းသာလိုသော၊ ဆင်းရဲကို စက်ဆုပ်သော သူတစ်ပါးကို ဇီဝိတန္ဒြေမှ ချင်ငြားအံ့။ သူတစ်ပါးကလည်း ထိုသတ်မှုကို မချစ်မနှစ်သက်။ ငါသည် မချစ်မနှစ်သက်သော တရားကို သူတစ်ပါးသည်လည်း မချစ်မနှစ်သက်။

အကြင်သူသည် ငါမပေးသော ဥစ္စာကို ခိုးလိုသောစိတ်ဖြင့် ခိုးယူငြားအံ့။ ငါသည် ထိုသူ၏ ခိုးယူမှုကို မချစ်မနှစ်သက်။ ငါကလည်း (သူတစ်ပါး) မပေးသော ဥစ္စာကို ခိုးလိုသော စိတ်ဖြင့် ခိုးယူငြားအံ့။ သူတစ်ပါးကလည်း ထိုခိုးယူမှုကို မချစ်မနှစ်သက်။ ငါသည် မချစ်မနှစ်သက်သောတရားကို သူတစ်ပါးသည်လည်း မချစ် မနှစ်သက်။

အကြင်သူသည် ငါ၏သားမယားတို့၌ လွန်ကျူးခြင်းသို့ရောက်ငြားအံ့။ ငါသည် ထိုသူ၏ ထိုကျူးလွန်မှု ကို မချစ်မနှစ်သက်။ ငါကလည်း(သူတစ်ပါး၏) သားမယားတို့၌ လွန်ကျူးခြင်းသို့ ရောက်ငြားအံ့။ သူတစ်ပါးကလည်း ထိုလွန်ကျူးမှုကို မချစ်မနှစ်သက်။ ငါမချစ်မနှစ်သက်သော တရားကို သူတစ်ပါးကလည်း မချစ်မနှစ်သက်။

အကြင်သူသည် မမှန်ပြောခြင်းဖြင့် ငါ၏အကျိုးကို ချိုးဖျက်ငြားအံ့။ ငါသည် ထိုသူ၏ မမှန်ပြောဆိုမှုမျိုးကို မချစ်မနှစ်သက်။ ငါကလည်း မမှန်ပြောခြင်းဖြင့် သူတစ်ပါး၏အကျိုးကို ချိုးဖျက်ငြားအံ့။ သူတစ်ပါးကလည်း ထိုမမှန်ပြောဆိုမှုမျိုးကို မချစ်မနှစ်သက်။ ငါမချစ်မနှစ်သက်သော တရားကို သူတစ်ပါးသည်လည်း မချစ်မနှစ်သက်။

အကြင်သူသည် ကုန်းစကားဖြင့် ငါ့ကို မိတ်ဆွေတို့နှင့်ခွဲငြားအံ့။ ငါသည် ထိုသူ၏ကုန်းချောမှုမျိုးကို မချစ်မနှစ်သက်။ ငါကလည်း ကုန်းစကားဖြင့် သူတစ်ပါးကို မိတ်ဆွေတို့နှင့် ခွဲငြားအံ့။ သူတစ်ပါးသည်လည်း ထိုကုန်းချောမှုမျိုးကို မချစ်မနှစ်သက်။

အကြင်သူသည် ကြမ်းတမ်းသောစကားဖြင့် ငါ့ကိုပြောဆိုငြားအံ့။ ငါသည် ထိုသူ၏ကြမ်းတမ်းစွာ ပြောဆိုမှုကို မချစ်မနှစ်သက်။ ငါကလည်း သူတစ်ပါးကို ကြမ်းတမ်းသောစကားဖြင့် ပြောဆိုငြားအံ့။ သူတစ်ပါးသည်လည်း ထိုကြမ်းတမ်းစွာ ပြောဆိုမှုကို မချစ်မနှစ်သက်။

အကြင်သူသည် ငါ့ကို ပြိန်ဖျင်းသောစကားဖြင့် ပြောဆိုငြားအံ့။ ငါသည် ထိုသူ၏အပြိန်အဖျင်း ပြောဆိုမှုကို မချစ်မနှစ်သက်။ ငါကလည်း သူတစ်ပါးကို ပြိန်ဖျင်းသောစကားဖြင့် ပြောဆိုငြားအံ့။သူတစ်ပါးသည်လည်း ထိုအပြိန်အဖျင်း ပြောဆိုမှုကို မချစ်မနှစ်သက်။ ငါမချစ်မနှစ်သက်သောတရားကို သူတစ်ပါးသည်လည်း မချစ်မနှစ်သက်။ ငါမချစ်မနှစ်သက်သော ထိုတရားနှင့် သူတစ်ပါးကို အဘယ့်ကြောင့် ယှဉ်စေရာအံ့နည်း။ ဤသို့ ဆင်ခြင်၍ မိမိကိုယ်တိုင်လည်း ရှောင်ကြဉ်၏။ သူတစ်ပါးကိုလည်း ရှောင်ကြဉ်ခြင်း၌ ဆောက်တည်

မေတ္တာသည် မိတ်ဆွေစိတ်ဓာတ်ပင်ဖြစ်သည်။ မိတ်ဆွေစစ်သည်တစ်ပါးသူအကျိုးကိုလိုလားပေသည်။ထို့ကြောင့်မေတ္တာသည်လည်းစာနာစိတ်ပင်ဖြစ်သည်။ မိမိကောင်းစားသည့်နည်းတူ သတ္တဝါများကိုကောင်းစားစေချင်သည့်စိတ်သည်မေတ္တာဖြစ်သည်။

စေ၏။ ရှောင်ကြဉ်ခြင်း၏ဂုဏ်ကျေးဇူးကိုလည်း ပြောဆို၏။ ဤသို့ ထိုသူ၏ နှုတ်ကျင့်ကောင်းခြင်းသည် အစွန်းသုံးပါးမှ စင်ကြယ်၏”ဟူ၍ မိန့်တော်မူထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆိုလိုသည်မှာ မိမိအသက်ရှည်လိုလျှင် တစ်ပါးသူ အသက်ကို မသတ်ရန်၊ မိမိဆင်းရဲမည်ကို မကြိုက်လျှင် တစ်ပါးသူပစ္စည်းကို ခိုးယူခြင်းမပြုရန် စသည်ဖြင့် တစ်ပါးသူအတွက် မိမိစိတ်နှင့်ကပ်ပြီး စဉ်းစားဆောင်ရွက်ရမည်ဖြစ်သည်။ လူ့သဘာဝသည် ပြစ်ဒဏ်ကိုကြောက်သည်။ အသက်ရှည်ရှည်နေလိုကြသည်။ ထိုကဲ့သို့ပင် တခြားသူများလည်း ဆန္ဒရှိကြသည်ဖြစ်ရာ ဆင်ခြင်ဖွယ်ရာ ဖြစ်သည်။ မြတ်စွာဘုရား လက်ထက်တော်အခါက ဇေတဝန်ကျောင်းအနီးတွင် ကလေးများက မြွေကို တုတ်ဖြင့် လိုက်ရိုက်ကြသည်ကို မြင်တွေ့သည့် ဘုရားရှင်က ၎င်းကလေးငယ်များအား ဆုံးမစကားမိန့်တော်မူခဲ့သည်။ ဆုံးမစကား၏ အချုပ်မှာ သတ္တဝါမှန်သမျှ ချမ်းသာချင်ကြသည်။ ထိုသို့ ချမ်းသာလိုသူကို ဒုက္ခရောက်အောင်ပြုလုပ်လျှင် မိမိတို့ မည်သည့်အခါမျှ ချမ်းသာမည်မဟုတ်ဟူ၍ဖြစ်သည်။

မိမိတို့ သန္တာန်တွင် စာနာစိတ်ဖြစ်ပေါ်အောင် မွေးမြူကြရမည်။ မွေးမြူနိုင်ပြီဆိုလျှင် အဆိုပါစိတ်ကို တိုးပွားအောင် လုပ်ရမည်ဖြစ်သည်။ ယင်းသို့ မွေးမြူလေ့လာတိုးပွားအောင်လုပ်ဆောင်ခြင်းသည် ဘာဝနာပင် ဖြစ်သည်။

မေတ္တာသည် မိတ်ဆွေစိတ်ဓာတ်ပင်ဖြစ်သည်။ မိတ်ဆွေစစ်သည် တစ်ပါးသူအကျိုးကို လိုလားပေသည်။ ထို့ကြောင့် မေတ္တာသည်လည်း စာနာစိတ်ပင်ဖြစ်သည်။ မိမိကောင်းစားသည့်နည်းတူ သတ္တဝါများကို ကောင်းစားစေချင်သည့်စိတ်သည် မေတ္တာဖြစ်သည်။ မိမိ ဒုက္ခမဖြစ်ချင်လိုသည့်နည်းတူ သတ္တဝါများကို ဒုက္ခမဖြစ်စေလိုသည့်စိတ်သည် ကရုဏာဖြစ်သည်။ တစ်ပါးသူ အောင်မြင်လျှင် ထိုပုဂ္ဂိုလ် ဝမ်းသာမည်၊ ထိုနည်းတူ မိမိအောင်မြင်လျှင်လည်း မိမိဝမ်းသာမည်မှာ အမှန်ပင်ဖြစ်သည်ဟု ဖြစ်ပေါ်သည့်စိတ်သည် မုဒိတာဖြစ်သည်။ သတ္တဝါအားလုံးကို ခွဲခြားဆက်ဆံမှုမရှိဘဲ တစ်ပြေးညီဆက်ဆံသည့်စိတ်သည် ဥပေက္ခာဖြစ်သည်။ ထိုလေးပါးသော ဗြဟ္မဝိဟာရတရားတို့သည် စာနာစိတ်မည်ပေသည်။ ဤတရားများ မိမိတို့ စိတ်သန္တာန်တွင် မဖြစ်ပေါ်သေးပါက ဖြစ်ပေါ်လာအောင် ကြိုးစားကျင့်ကြံကြရမည်ဖြစ်ပြီး ဖြစ်ပေါ်လာပြီးလျှင်လည်း တိုးပွားအောင် ကြိုးစားကြရမည်သာဖြစ်သည်။

ဘုရားအလောင်းတော်များ၏ရင်တွင်း၌ ဗြဟ္မစိုရ်တရား အခြေတည် တည်ဆောက်ထားခြင်းကြောင့် တစ်ပါးသောသူအားလုံးတို့၏အကျိုးစီးပွားကို လိုလားတော်မူကြသည်။ ထို့ကြောင့် မေတ္တာဟူသည် အကန့်အသတ်မရှိပေ။ ထိုမေတ္တာစိတ်ကိုအခြေခံပြီး ရင့်သန်လာသည့်အခါ ဒုက္ခတွေ့သူအား မြင်တွေ့ရလျှင် မကြည့်ရက်ပေ။ ဤသည်မှာ ကရုဏာဖြစ်သည်။ အောင်မြင်မှုများ တွေ့လာသည့်အခါတွင်လည်း ရေရှည်တည်တံ့ ခိုင်မြဲစေချင်သည်။ ၎င်းမှာ မုဒိတာဖြစ်သည်။ မိမိနှင့်မိမိပတ်ဝန်းကျင်တွင် ထိုကဲ့သို့ ဘက်မလိုက်ဘဲ ခိုင်ခိုင်မာမာစိတ်ထားနိုင်ခြင်းသည် ဥပေက္ခာဖြစ်သည်။ ယင်းသို့ စိတ်လေးမျိုး အခိုင်အမာတည်ဆောက်ပြီးသည့်အခါ ဒုက္ခရောက်သည်ကို တွေ့လျှင် မကြည့်ရက်တော့ပေ။ တစ်ပါးသူတိုးတက်မှုကို တည်တံ့စေလိုသည်။ ခွဲခြားဆက်ဆံမှုမရှိဘဲ တန်းတူရည်တူ ဖြစ်စေလိုသည်။

ဘုရားအလောင်းတော်တို့သည် ထိုစိတ်လေးမျိုးကို အခြေတည်ပြီး ပါရမီဆယ်ပါး ဖြည့်ကျင့်တော်မူကြသည်။ ဒါနပါရမီဖြည့်ကျင့်ရာတွင် ဒါနဟူသည် အများအတွက်ဖြစ်သည်ဟု ခံယူလျက် အယုတ်၊ အလတ်၊ အမြတ်မရွေး စွန့်ကြဲတော်မူကြသည်။

တစ်ပါးသူ ဒုက္ခမရောက်အောင် ကိုယ်ကျင့်တရားထိန်းသိမ်းတော်မူကြသည်။ အဘယ်ကြောင့်ဆိုသော် ဥပမာအားဖြင့် အသတ်ခံရသူဘက်ကြည့်လျှင် ထိုပုဂ္ဂိုလ်အတွက် နစ်နာသည်မှာ အမှန်ပင်ဖြစ်သည်။ ၄ဂ်ဖျားအန္တရာယ်အတွက် ကာကွယ်သည်ဟုဆိုကာ ခြင်များသတ်ဖြတ်ခြင်းကို ကြည့်လျှင် လောကီသဘောအရ မည်သို့ပင်ဆိုစေကာမူ ခြင်၏အသက်ထက် မိမိတို့၏အသက်ကို ပို၍ဦးစားပေးလိုက်ခြင်းပင်ဖြစ်သည်။ အတုနှင့် အစစ် ရောနှောခြင်း၊ လိမ်ညာရောင်းချခြင်း၊ စျေးတင်ခြင်းတို့သည်လည်း ခိုးခြင်း (၂၅)မျိုးတွင် အကျုံးဝင်သဖြင့် အဒိန္နာဒါနကံမြောက်သည်သာ။ သီလဟူသည် အများအတွက် မထိခိုက်စေရန် ဆောက်တည်ခြင်းဖြစ်သည်။ ဆိုလိုရင်းမှာ မိမိလက်ဖြင့် တစ်ပါးသူ၏အသက်မထွက်စေရ။ တစ်ပါးသူ၏ ပစ္စည်းများ မဆုံးရှုံးစေရ။ မည်သူမျှ စိတ်မဆင်းရဲစေရ ဟူ၍ စာနာစိတ်ထား ရှောင်ကြဉ်ခြင်းဖြစ်သည်။

အရက်သေစာ သောက်စားခြင်းသည် အများကို မထိခိုက်ဟု ပြောဆိုသူများရှိသည်။ ယင်းမှာ မှန်ကန်မှုမရှိပေ။ မူးယစ်သည့်အချိန်တွင် ရရှိနိုင်သည့် ကုသိုလ်တရားများဆုံးရှုံးရသည်။ လူ့တန်ဖိုးများ ဆုံးရှုံးရသည်။ ထိုသူကို မှီခိုနေရသည့်ပုဂ္ဂိုလ်များ စိတ်ညစ်ရသဖြင့် ထိခိုက်မှုကို ဖြစ်စေသည်။ အရက်ကြောင့် ဒုက္ခဖြစ်လာပြီဆိုလျှင် သက်ဆိုင်သည့်ပုဂ္ဂိုလ်များ သွယ်ဝိုက်သည့်နည်းအားဖြင့် ထိခိုက်မှုရှိသည်ပင်။ ထို့ကြောင့် သီလဟူသည် တစ်ဖက်သား မထိခိုက်အောင် စောင့်ရှောက်ခြင်းဖြစ်ပြီး ပါရမီဖြည့်ခြင်းသည်လည်း အားလုံးအကျိုးအတွက် လုပ်ဆောင်ခြင်းဖြစ်သည်။ တစ်ပါးသူကို ထိခိုက်စေမည့်အမှုများကို မလုပ်ဖြစ်အောင် သီလဆောက်တည်ရခြင်းဖြစ်သည်။ သီလမြဲမြဲအောင် ဘာဝနာပွားကြရသည်။

လူဆိုသည်မှာ ပတ်ဝန်းကျင်ကို အကျိုးပြုရန်လိုသည်။ ထိုသို့အကျိုးပြုရန်မှာ စဉ်းစားဉာဏ်သည် အရေးကြီးသည့်အတွက် ပညာကို ဆည်းပူးရမည်။ သတ္တဝါများအတွက် အကျိုးစီးပွားဖြစ်၊ မဖြစ်ကို တွေဝေမနေရန် ပညာဆည်းပူးရခြင်းဖြစ်သည်။ ဤသည်ကို ပညာပါရမီဖြည့်ကျင့်သည်ဟုခေါ်သည်။ သို့မှသာ အများအကျိုး ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပညာရှိပြီဆိုလျှင်လည်း ကြိုးစားအားထုတ်မှုက အရေးကြီးပြန်ပါသည်။ ၎င်းကို ဝီရိယပါရမီဟုခေါ်သည်။ ကောင်းမွန်သည့်အလုပ်ဟူသည် လူတိုင်းလုပ်ဆောင်ရမည့်အလုပ်ဖြစ်သည်။ ပြည့်စုံအောင်လုပ်ဆောင်နိုင်သော ပုဂ္ဂိုလ်သည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။

မိမိဆောင်ရွက်မှုအပေါ် အပြစ်မြင်၍ တုံ့ပြန်လာမှုရှိခဲ့သော် သည်းခံနိုင်စွမ်းရှိရန်လိုသည်။ ကြိုးစားသည့်နေရာတွင် အခက်အခဲနှင့်တွေ့ကြုံလာရပါက ပင်ကိုစိတ်ဓာတ်ပြောင်းမသွားအောင် ထိန်းသိမ်းထားနိုင်ခြင်းသည် ခန္တီပါရမီမည်၏။ ခန္တီ၏သဘောမှာ မေတ္တာတရားကို အခြေခံပြီး စွမ်းရည်သတ္တိဟုလည်း အဓိပ္ပာယ်ရသည်။ မူလပင်ကိုအခြေအနေကို ထိန်းသိမ်းထားနိုင်သည့်သတ္တိရှိရန် အရေးကြီးပေသည်။

လူမှုအသိုင်းအဝိုင်းတွင် အရေးကြီးသည့်အချက်တစ်ချက်မှာ ကတိတည်ရန်ဖြစ်သည်။ မင်းမှာ သစ္စာ၊ လူမှာကတိဟုဆိုကြသည့်အတိုင်း၊ ပြောထားသည့်ကတိစကားအတိုင်း ကတိတည်ရန် လိုအပ်လှသည်။ စီပွားရေးလုပ်သည့်အခါ ကတိတည်အောင် စာချုပ်ချုပ်ဆိုကြရသည်။ ဝန်ခံထားချက်ကို မည်သည့်အခါမျှ မဖျက်ရ ဟူသည့်သဘောဖြစ်သည်။ ဤသည်ကို သစ္စာဟုခေါ်သည်။ ကတိသစ္စာသည် လူ့တန်ဖိုးတစ်ခုပင် ဖြစ်သည်။

အများအကျိုးဆောင်ရွက်သည့်အခါ လှုပ်ရှားယိမ်းယိုင်ပြီး ပျက်ပြားမသွားအောင် ကြံ့ကြံ့ခိုင်သည့်စိတ်ဓာတ်ဖြစ်သည့် အဓိဋ္ဌာန်သည်လည်း ရှိရမည်ဖြစ်သည်။ အားလုံး၏အကျိုးစီးပွားကို လိုလားသော မေတ္တာရှိသည့်အတွက် မိမိက စတင်လုပ်ဆောင်ပေးခြင်းကို မေတ္တာပါရမီဟု ခေါ်ဆိုသည်။ တစ်ပါးသူ လုပ်ပေး၍ ပြန်လည်လုပ်ပေးခြင်းမျိုးမဟုတ်ပေ။ မိမိက လုပ်ပေးပြီးသည့်အခါတွင်လည်း ဥပေက္ခာရှိရန် လိုပြန်သည်။ မိမိက လုပ်ပေးပြီးလျှင် မျှော်လင့်ချက်များရှိတတ်သည်။ တစ်ပါးသူ၏တုံ့ပြန်မှုကို မမျှော်လင့်ရပါ။ မြင့်မြတ်သည့်ပုဂ္ဂိုလ်များဆိုလျှင် ကျေးဇူးတင်ပါသည် ဆိုသည်ကိုပင် မမျှော်လင့်ကြပေ။

စာရေးသူကြားဖူးသည့်ဖြစ်ရပ်တစ်ခုရှိသည်။ တစ်ခါက မျက်စိကုန်ရန်မြို့တက်လာသော်လည်း ငွေကြေးမတတ်နိုင်သည့်အတွက် မကုလျှင် မျက်စိကွယ်တော့မည့် အနေအထားနှင့်ရင်ဆိုင်နေရသူတစ်ဦး ရှိသည်။ ထိုအချိန်အနီးအနားမှ ဖြတ်သွားရင်း ကြားသိသူတစ်ဦးက ဆရာဝန်နှင့်တွေ့ဆုံကာ ဆေးကုသမှုစရိတ်၊ စားစရိတ်၊ ပြန်စရိတ်တို့ ပေးလျှုသွားခဲ့သည်။ မည်သူဖြစ်သည်ကိုပင် အသိပေးသွားခြင်းမရှိပေ။ ဤသည်ကို စစ်မှန်သော လှူဒါန်းမှု(True Charity) ဟု ခေါ်သည်။ ထိုကဲ့သို့ မွန်မြတ်သည့်စိတ်ဖြစ်ရန် အထူးလိုအပ်သည်။ ကမ္ဘည်းထိုးရန် မလိုအပ်ပေ။ ထိုသူသည် ဥပေက္ခာပါရမီရင့်သန်သူဖြစ်သည်။

အချုပ်ဆိုရသော် မြင့်မြတ်သည့်လုပ်ငန်းများ တစ်ခုပြီးတစ်ခု ဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက ၎င်းပတ်ဝန်းကျင်တွင် ထိုပုဂ္ဂိုလ်ကို အကြောင်းပြု၍ အခြေအနေကောင်းများ ရရှိကြသည်။ ထိုကဲ့သို့ စာနာစိတ်ကလေးသာထားပြီး လုပ်သွားကြမည်ဆိုလျှင် ပြဿနာဟူသည်မရှိဘဲ ငြိမ်းချမ်းသာယာသည့်ပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်လာမည်မှာ အသေအချာပင်ဖြစ်ပေသည်။ ဤသို့ စာနာစိတ်မျှဖြင့်သာ နေထိုင်ပြုမူသွားမည်ဆိုပါက မိမိလည်း အဆင်ပြေ၊ တိုင်းပြည်လည်းအေးချမ်းပြီး ဘဝပန်းတိုင်များကိုလည်း ကျော်လွှားနိုင်မည် ဖြစ်သည်။ ထို့ကြောင့် စာနာစိတ်ကုသိုလ်တရားများ လက်ကိုင်ထားနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကချင်ပြည်နယ်အတွင်း လူမှုစောင့်ရှောက်ရေးနှင့်သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်းပွင့်

နေပြည်တော် စက်တင်ဘာ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၃၀ ရက် မွန်းလွဲပိုင်းက ကချင်ပြည်နယ် ပိုင်းမော်မြို့ သာဂရဘုန်းတော်ကြီးကျောင်း ကယ်ဆယ်ရေးစခန်းနှင့် မိုင်းနား(အာစီ) ကယ်ဆယ်ရေးစခန်း၊ မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် ဂျန်မိုင်ကောင်းနှစ်ခြင်းကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ကယ်ဆယ်ရေးစခန်း တစ်ခုလျှင် ဟင်းဖိုးငွေ ကျပ်သုံးသိန်းစီ၊ ငါးသိန်းခန့်တန်ဖိုးရှိသော မူလတန်းကျောင်းဝတ်စုံများနှင့် အစားအသောက်မုန့်ကြွပ်များကို ထောက်ပံ့ပေးကာ ပြောင်းရွှေ့ပြည်သူများကို အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ ပူတာအိုခရိုင်နှင့် မိုးညှင်းခရိုင်များအတွင်းမှ လူမှုစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်း(၁၅/၂၀၁၄)ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်များအတွက် အလေးထားစဉ်းစားပြီး ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါကြောင်း ဖြင့် ပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလဂျန်ဇင်ဆိုင်းက အမှာစကား ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းနှင့် ပတ်သက်၍လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ စီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားသည်။

ပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး ကျေးရွာ ၁၇ ရွာမှ လူမှုစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်း လူငယ် ၅၀ တို့အား နည်းပြသင်တန်းပို့ချနေမှုနှင့် ကျေးရွာ ၁၅ ရွာမှ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် ၅၂ ဦးတို့ကို နည်းပြသင်တန်းဖွင့်လှစ်နေမှုတို့ကို ကြည့်ရှု၍ လူငယ်မောင်မယ်များအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ မေတ္တာရင်ခွင်လူငယ်ပရဟိတဂေဟာသို့ သွားရောက်ပြီး မိဘမဲ့ကလေး၊လူငယ်များအတွက် တီရှပ်များ ထောက်ပံ့၍ အားပေးစကားပြောကြားသည်။

ထို့နောက် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ဦးစီးဌာန နှစ်ခုမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး တတိယအဆင့် အရှိန်မြင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်တာဝန်သိမှု၊ တာဝန်ယူမှု၊တာဝန်ခံမှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဖွင့်လှစ်သွားမည်

လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်းအမှတ်စဉ် (၁/၂၀၁၄) မှ (၁၄/၂၀၁၄) အထိကို ရောဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ နေပြည်တော်ကောင်စီ၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များအားလုံးနှင့် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်နှင့် မြင်းခြံခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်များရှိ ကျေးရွာစုစုပေါင်း ၄၂၀ ကျော်မှ လူငယ်မောင်မယ် စုစုပေါင်း ၁၅၀၀ ကျော်ကို နည်းပြသင်တန်းများ ပို့ချခဲ့ပြီး ဆင့်ပွားသင်တန်းများလည်း ပို့ချနေပြီဖြစ်သည်။ ကျန်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် နည်းပြသင်တန်းများနှင့် ဆင့်ပွားသင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန်အစည်းအဝေး(သတ္တမနေ့)ကို တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၄ ဦးတက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။

ထို့နောက် " ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက အကြံပြုခြင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်က ပြန်လည်ရှင်းလင်းခြင်းများ ဆောင်ရွက်ပြီး လွှတ်တော်အဆုံးအဖြတ်ရယူ၍ ဥပဒေကြမ်းကို အတည်ပြုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့သော အဆို(၁)ရပ်ကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်က ရှင်းလင်းပြီး အဆိုကို မှတ်တမ်းတင်သည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၂ ရက်က ဗီယက်နမ်ဆိုရှယ်လစ်ပြည်သူ့သမ္မတနိုင်ငံ၏ (၆၉)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်စည့်ခံပွဲအခမ်းအနား တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ကျော်အား မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Pham Thanh Dung ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

လားရှိုးမြို့၌ နှစ်ထပ်ပုဒ္ဓဝင်ပြတိုက်ကြီးတည်ဆောက်မည်

နေပြည်တော် စက်တင်ဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညနန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ)က ဦးဆောင်၍ ယင်းကျောင်းတိုက်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အကြီးဆုံး မဟာပုဒ္ဓဝင်ပြတိုက်နှစ်ထပ်အဆောက်အအုံကြီး တည်ဆောက်လျက်ရှိသည်။

သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်က ယခုကဲ့သို့တည်ဆောက်ရခြင်းရည်ရွယ်ချက်သည် ကမ္ဘာတစ်ဝန်းတွင် ထေရဝါဒ ဗုဒ္ဓသာသနာအစစ်သည် မြန်မာနိုင်ငံတွင်သာရှိပြီး ကျန်နိုင်ငံများတွင် ပျောက်ကွယ်လုနီး ပါးရှိနေချိန်၌ ယခုကဲ့သို့ ဗုဒ္ဓသာသနာပြန့်ပွားရေးဗုဒ္ဓဘာသာနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်လာရေးတို့အတွက် ဗုဒ္ဓဝင်ပြတိုက်ကြီးကို တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ တည်ဆောက်မှု လုပ်ငန်းအတွက် ကုန်ကျငွေတန်ဖိုး ကျပ်သိန်း ၂၀၀၀ ကျော် ခန့် မှန်းကြောင်း၊ ပြတိုက်ကြီးပြီးစီးပါက လာရောက်ကြည့်ရှုသူများကို ရှင်းလင်းပြသနိုင်ရန် ဘာသာစုံတတ်ကျွမ်းသူများကို ပြတိုက်တွင် ထားရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ကုသိုလ်ရှင် အလှူရှင်တို့အနေဖြင့် ယင်းသာသနာပြု လုပ်ငန်းကြီးတွင် ပါဝင်ဒါနပြုကြခြင်းဖြင့် ပစ္စုပ္ပန်နှင့် သံသရာအကျိုးရရှိစေပြီး ဗုဒ္ဓသာသနာ နှစ် ၅၀၀၀ မက တည်တံ့စေရန်အတွက် ဂေါပကအဖွဲ့ အကျိုးတော်ဆောင် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဖုန်း-၀၈၂-၂၃၅၅၉ နှင့် ၀၈၂-၂၅၉၂၄ တို့သို့ ဆက်သွယ်လျှောက်နိုင်ကြောင်း သိရသည်။

ကိုမျိုး (ရွှေပေါက္ကံ)

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

Miss Asia Pacific World 2014 ဆုရှင် မေမြတ်နိုး အမှားမကျူးလွန်၍ သရဖူကိုပြန်လည်သွားရောက်အပ်နှံမည်မဟုတ်ကြောင်း ပြောကြား

ရန်ကုန် စက်တင်ဘာ ၂

ကိုရီးယားနိုင်ငံ Miss Asia Pacific World က ပေးအပ်ချီးမြှင့်ခဲ့သော ဒေါ်လာတစ်သိန်းတန်သည်ဟု နာမည်ကြီးနေသည့် သရဖူ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ပြီးခဲ့သည့် ဇွန်လက ကျင်းပခဲ့သည့် Miss Asia Pacific World 2014 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်သော အလှမယ်သရဖူဆု ရရှိခဲ့သည့် Miss Asia Pacific World 2014 သရဖူဆုရှင် မေမြတ်နိုးက ယနေ့ အချိန်ထိ မိမိအနေဖြင့် အမှားတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်းမရှိသောကြောင့် ရရှိခဲ့သည့်သရဖူကိုပြန်လည် အပ်နှံသွားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

သရဖူရပြီး သုံးလပြည့်သည် အထိ မိမိ အမှားတစ်စုံတစ်ရာ မပြုလုပ်ခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံ Miss Asia Pacific World အဖွဲ့က မိမိကို တစ်ဖက်စောင်းနင်းကြေညာခဲ့သည့်အတွက် မိမိနိုင်ငံ၊ မိမိ မိသားစုနှင့် မိမိ၏ ဂုဏ်သိက္ခာကို ထိခိုက်ကြောင်း၊ ၎င်းတို့အဖွဲ့အနေဖြင့် ဒီကလူကြီးများနှင့် မိမိ မိသားစုကို တရားဝင်တောင်းပန်မှ သရဖူကို ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဝေဇယန္တာလမ်းသွယ်၊ အမှတ် (၂၉၀) Rock & Rich Cafe Paiyo Bar ၌ ပြုလုပ်သည့် မီဒီယာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

Miss Asia Pacific World 2014 ဆုရှင် မေမြတ်နိုးကို ကိုရီးယားနိုင်ငံ Miss Asia Pacific World အဖွဲ့က သုံးနှစ်ကြာ ဇာတ်ကားတွဲရိုက်ရန်နှင့် အလှမယ်ပြိုင်ပွဲများဝင်ပြိုင်ရန် ဘက်ပေါင်းစုံက ပြုပြင်ပြောင်းလဲမှုများ လုပ်ပေးမည်ဟုပြောဆိုကာ ပြီးခဲ့သည့် ဩဂုတ် ၁၈ရက်က ကိုရီးယားနိုင်ငံသို့ ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုလည်း သိရသည်။

ကိုရီးယားတွင် ဆွေးနွေးညှိနှိုင်းမှုများ အမျိုးမျိုးပြုလုပ်ခဲ့သော်လည်း သရဖူရှင် မေမြတ်နိုး၊ ၎င်း၏ မိခင်နှင့် ကိုရီးယားနိုင်ငံ Miss Asia Pacific World အဖွဲ့တို့ သဘောထားချင်း မတိုက်ဆိုင်သဖြင့် ဩဂုတ် ၂၇ ရက်က မြန်မာနိုင်ငံသို့ ပြန်အလာတွင် ကိုရီးယားနိုင်ငံ Miss Asia Pacific World အဖွဲ့က မဟုတ်မမှန်လုပ်ကြံသတင်းများ ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြခဲ့သည်။

" ဟိုရောက်တော့ ကျွန်မကို

သတင်း- မင်းခေတ်
ဓာတ်ပုံ- မင်းထက်

အနုပညာလုပ်ငန်းတွေလုပ်ဖို့ သူတို့နဲ့ သုံးနှစ်လက်တွဲ စာချုပ်ချုပ်ဆိုပြီး တစ်ကိုယ်လုံးကို ပလတ်စတစ်ဆာဂျရီလုပ်ပေးမယ်၊ ပြီးတော့ ဇာတ်ကားတွေရိုက်ပေးမယ်၊ ပြိုင်ပွဲတွေ အများကြီး ဝင်ပြိုင်ခိုင်းမယ်။ ဒါပေမယ့် ညီမအမေကို ပြန်လွှတ်လိုက်၊ ညီမပဲနေခဲ့လို့ပြောတော့ ကျွန်မလည်း အမေနဲ့တိုင်ပင်ပြီး ဆက်နေလို့မသင့်တော့ဘူးထင်ပြီး ပြန်လာခဲ့တာပါ"ဟု Miss Asia Pacific World 2014 သရဖူဆုရှင် မေမြတ်နိုးက ပြောကြားသည်။

ကိုရီးယားနိုင်ငံ Miss Asia Pacific World အဖွဲ့က ဩဂုတ် ၂၇ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် Miss Asia Pacific World 2014 ဆုရှင် မေမြတ်နိုးသည် နေရှင်နယ်ဒါရိုက်တာ၊ မန်နေဂျာနှင့် စာချုပ်ပါအချက်များကို လိုက်နာမှုမရှိဘဲ အမှားများကျူးလွန်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

" ကိုရီးယားနိုင်ငံ Miss Asia Pacific World 2014 အဖွဲ့က သူတို့နဲ့ လက်တွဲလုပ်ကိုင်ဖို့ သမီးကို ဟိုမှာ တစ်ယောက်တည်းထားခဲ့ခိုင်းတယ်။ ကျွန်မက အမေတစ်ယောက်အနေနဲ့ ဘယ်လိုလုပ်ထားခဲ့နိုင်မှာလဲ။ အဲဒါကြောင့် ကျွန်မတို့လည်း သားအမိနှစ်ဦးတိုင်ပင်ပြီး ပြန်လာခဲ့တာ။ သူတို့က ကျွန်မတို့ ပြန်လာတဲ့ ၂၇ ရက်မှာပဲ အခုလို မဟုတ်ကဟုတ်က သတင်းတွေ ထုတ်ပြန်တော့တာပဲ" ဟု မေမြတ်နိုး၏ မိခင် ဒေါ်စန်းစန်းမြင့်က ဆိုသည်။

Miss Asia Pacific World 2014 ဆုရှင် မေမြတ်နိုးသည် အသက် ၁၆ နှစ်သာရှိသေးပြီး အနုပညာလောကကို တစ်ကြိမ်တစ်ခါမှ ဝင်ရောက်ခဲ့ဖူးခြင်း မရှိကြောင်း၊ ကမ္ဘာကျော် ကိုရီးယားတေးဂီတ Kpop အဖွဲ့နှင့်လည်း ဆက်လက်လုပ်ဆောင်တော့မည်မဟုတ်ဘဲ ယခုရရှိခဲ့သည့် သရဖူကိုလည်း ၎င်းကျေနပ်သည်အထိ တောင်းပန်ပါက ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်းနှင့် နောင်တွင် ပညာရေးကိုသာ ဦးစားပေးသင်ယူသွားတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်တွင်းသတင်း

အထောက်အပံ့ပေးရေးအဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂

ယနေ့နံနက် ၁၀ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ဂျပန်နိုင်ငံ JIID (Japan Institute of Irrigation and Drainage) အဖွဲ့မှ President,Mr.Harumi Saito နှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)မှ ဌာနေကိုယ်စားလှယ် Mr.Masahiko TANAKA တို့ ပါဝင်သောအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ခပေါင်းဆည်ရေသောက်စနစ်တွင် လယ်မြေကော ၁၀၀ အား လက်မှလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ဂျပန်နိုင်ငံ၏ နည်းပညာအတွေ့အကြုံများဖြင့် ပြုပြင်ပြောင်းလဲပေးရန် အထောက်အပံ့အကူအညီများပေးမည့် လုပ်ငန်းအစီအစဉ်များကို လာရောက်ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဒုတိယဝန်ကြီးတို့က လက်ခံတွေ့ဆုံ(ဝဲပုံ)၍ ဂျပန်နိုင်ငံ၏ အထောက်အပံ့အကူ အညီပေးမှုများအပေါ်ကြိုဆိုကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားကြသည်။

အဆိုပါ ဂျပန်နည်းပညာ အထောက်အပံ့အကူအညီဖြင့် လယ်မြေကော ၁၀၀ အား စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် မြေနေရာ ရွေးချယ်ပြင်ဆင်ထားရှိမှုများနှင့် နည်းပညာပိုင်းဆိုင်ရာ ကြိုတင်စူးစမ်းလေ့လာမှု အစီအစဉ်များကို ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

အစီအစဉ်အရ JIID (Japan Institude of Irrigation and Drainage) အဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာနတို့အကြား လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ နှစ်ဖက် ဆွေးနွေးချက်မှတ်တမ်း (MOD)ကို အပြန်အလှန် လဲလှယ်ပေးအပ်ခဲ့ကြသည်။

အထက်ပါလယ်မြေကော ၁၀၀ အား စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် အကူအညီပေးရေး လုပ်ငန်းအား အသေးစိတ်မြေပြင်စူးစမ်းလေ့လာ စမ်းသပ်ဆောင်ရွက်ပြီး ၂၀၁၄-၂၀၁၅ ပွင့်လင်းရာသီကာလတွင် နှစ်ဖက်ပူးပေါင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ပဟိုကော်မတီစီမံခန့်ခွဲရေးဒဿမအဖွဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုစစ်ဆေး

စစ်တွေ စက်တင်ဘာ ၂

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပဟိုကော်မတီ၊ စီမံခန့်ခွဲရေး ဒဿမအဖွဲ့မှ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပိုလ်ချုပ်တင်အောင်ချစ်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်နှင့်အဖွဲ့သည် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက မောင်တောမြို့မှ ဖားဝပ်ချောင်းကျေးရွာသို့ရောက်ရှိပြီး ဖားဝပ်ချောင်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးရွာသူ ကျေးရွာသားများ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် UN,INGO များအနေဖြင့် လူမှုအဖွဲ့အစည်းနှစ်ရပ်လုံးမျှတစွာ ဆောင်ရွက်ပေးရေးအတွက် ပြည်နယ်အရေးပေါ် ပေါင်းစပ်ညှိနှိုင်းရေးစင်တာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးနေမှု၊ နတလကျေးရွာများအတွက် နိုင်ငံတော်က ပံ့ပိုးပေးထားသည့် လယ်ထွန်စက်များ၊ စက်ပစ္စည်းများပျက်စီးပါက ပြုပြင်နိုင်ရန်၊ စက်ပြင်ဆရာသင်တန်းများ ဖွင့်လှစ်နိုင်ရန် Mobile Team အဖွဲ့များ စေလွှတ်ပြီး သင်တန်းပို့ချပေးမည့် ကိစ္စရပ်များနှင့် စိုက်ပျိုးရေး၊ ရပ်ရွာလုံခြုံရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးမြအောင်က ကျေးရွာတွင် စိုက်ပျိုးရေးဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်ပေးမှုများနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို ရှင်းလင်းမှာကြားခဲ့ပြီး ကျေးရွာမှ တင်ပြသည့် ကျောင်းဆရာ၊ ဆရာမများ၏ နေထိုင်ရေး၊ စိုက်ပျိုးရေးနှင့် လုံခြုံရေးကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်လုံးကိုလည်းကောင်း၊ အိမ်ရာ ထပ်မံတိုးချဲ့တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ဆောက်လုပ်ပြီး အိမ်ရာကို ယာယီခြံစည်းရိုးကာရံနိုင်ရန် ပံ့ပိုးငွေပေးအပ်ခဲ့သည်။

ယင်းနောက် ဖားဝပ်ချောင်းကျေးရွာ ကျန်းမာရေးဌာနခွဲကို ကြည့်ရှုစစ်ဆေးပြီး သုခမြိုင်ကျေးရွာသို့ ရောက်ရှိကာ တစ်ဖက်နိုင်ငံမှ ရောက်ရှိလာသော ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများအား နေရာချထားပေးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် နွားရုံတောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဆောက်လုပ်ပြီးစီးမှုကို စစ်ဆေးပြီး ယခင် သုခမြိုင်ကျေးရွာ တည်ဆောက်စဉ်က နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်လျှပဒါန်းခဲ့သော သုခမြိုင်ဘုန်းတော်ကြီးကျောင်းတွင် ပျက်စီးနေသည့် ကျောင်းအမိုးနှင့် လိုအပ်သည်များ ပြုပြင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့ အမှတ်(၃) ရပ်ကွက်ရှိ သပြေကုန်းအခြေခံ ပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ပေးအပ်လျှပဒါန်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး

စစ်တွေ စက်တင်ဘာ ၂

ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်စစ်တွေမြို့သို့ သြဂုတ် ၃၁ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ရခိုင်ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးအောင်သန်းတင်နှင့်အတူ စက်ရုံစု ဒုက္ခသည်စခန်းသို့ရောက်ရှိပြီး ဆေးပေးခန်းတည်ဆောက်နေမှုနှင့်စာသင်ကျောင်းခန်းအား ကြည့်ရှုကာ ဒုက္ခသည်စခန်းခန်းမဆောင်တွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ ပုဏ္ဏားကျွန်း စက်မှုဇုန်စီမံကိန်း၊ စစ်တွေစက်မှုဥယျာဉ်မြို့တော်တည်ဆောက်ရေးလုပ်ငန်းများအား ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု ရေတိုရေရှည်ဆောင်ရွက်မှုနှင့် Development Plan ရေးဆွဲရေးကိစ္စရပ်များနှင့် မျိုးစပါးဖြန့်ဝေခြင်း၊ လယ်ယာများ ထွန်ယက်ပေးခြင်း၊ ရေကန်များတူးဖော်ခြင်း၊ ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်ပေးခြင်း၊ ငါးဖမ်းရန်အတွက် လိုအပ်သောလှေ၊ စက်တပ်လှေနှင့်ငါးဖမ်းပိုက်များ ဖြည့်ဆည်းပေးရေး၊ ဓာတ်မြေသြဇာဖြန့်ဖြူးပေးရေးစသည်တို့ကို ပြည်နယ်/ခရိုင်/ မြို့နယ်များမှ တာဝန်ရှိသူများနှင့်အပြန်အလှန် အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ကြရန်နှင့် မိမိတို့ တာဝန်ယူရမည့်အပိုင်းကိုအလေးအနက်ထား ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့သည်။

ယင်းနောက် ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး နိုင်ငံတော်မှ Third Wave လုပ်ငန်းစဉ်အရ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသကဲ့သို့ မိမိဝန်ထမ်းများမှလည်း မိမိတို့၏ တာဝန်သိမှု၊ တာဝန်ယူမှုအား အလေးထားဆောင်ရွက်ရန်နှင့် ရခိုင်ပြည်နယ် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Agency အဖွဲ့များ ဖွဲ့စည်းကာ အချိန်နှင့်တစ်ပြေးညီမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းတို့အား One Stop Service ဖြင့် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး အလေးအနက်ထား ဆောင်ရွက်ရန်တို့အား ဆွေးနွေးမှာကြားကာ ဝန်ထမ်းများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် သက္ကယ်ပြင် ဘဂ်လီဒုက္ခသည်စခန်း၊ ဆေးရုံကွပ်ကဲမှုရုံးနှင့် ခေါင်းဒုက္ကာဘဂ်လီ ဒုက္ခသည်စခန်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ရန်နှင့် တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှုများ နှောင့်နှေးနိုင်ကြောင်းနှင့် မကြာမီ အချိန်အတွင်း ပုဏ္ဏားကျွန်းစက်မှုဇုန်နှင့် စစ်တွေစက်မှုဥယျာဉ်မြို့တော် ပေါ်ပေါက်လာပါက အလုပ်အကိုင်အခွင့်အလမ်းရရှိကာ ရခိုင်ပြည်နယ်သည် မကြာမီအချိန်တွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဒုက္ခသည်စခန်းများမှ လိုအပ်ချက်များ တင်ပြချက်အပေါ် ဌာနဆိုင်ရာများနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျော်ဖုံးမှ

ဖိတ်ကြားမှုအရ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၅ ရက်မှ ၉ ရက်အထိ၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၁ ရက်နှင့် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် စက်တင်ဘာ ၇ ရက်တွင် ထိုင်းအသင်း၊ စက်တင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဆီယံယူ-၁၉ ဗြိုင်ပွဲအတွက် မြန်မာယူ-၁၉ အသင်း လေ့ကျင့်နေစဉ်။

■ ကျော်ဖုံးမှ

NPK ၁၅ ပတ်လည်မြေသြဇာကိုပဲ ကျွေးရပါတယ်"ဟု နဂါးမောက် စိုက်ပျိုးရေးခြံလုပ်ငန်းကို လွန်ခဲ့သည့် ရှစ်နှစ်ခန့်မှ စတင်လုပ်ကိုင်ခဲ့သည့် ကိုဆွေသိန်းခိုင်က ပြောသည်။

နဂါးမောက်ပင်မှာ ဂရုတစိုက် စိုက်ပျိုးနိုင်ပါက နှစ်ချင်းအသီးစားရသော အပင်မျိုးဖြစ်ပြီး အပင်ရေ ၆၀၀၀ ကျော်ရှိသည့် ၄င်း၏ခြံအတွက် ဆေးလုပ်အားခနှင့်အခြားအထွေထွေ ကုန်ကျစရိတ်တစ်လလျှင် ဒွေကျပ် ခြောက်သိန်းခန့်ရှိကြောင်းနှင့် အသီးခူးယူ ရောင်းချရချိန်တွင် တစ်လဝင် ဒွေကျပ် ၁၅ သိန်းခန့် ရရှိကြောင်း သိရသည်။ ယခင်က နဂါးမောက်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ပုပ္ပားစိုက်ပျိုးရေးခြံ၌ စမ်းသပ်စိုက်ပျိုးခဲ့ပြီး ပဂ္ဂလိကလုပ်ငန်းရှင်များထံ ဖြန့်ဝေပေးခဲ့ရာမှ ယခုအခါပုပ္ပားနှင့် ကျောက်ပန်းတောင်းဒေသတစ်ဝိုက်တွင် စီးပွားဖြစ် နဂါးမောက်ခြံ ၅၀ ကျော်ရှိလာပြီဖြစ်သည်။ စျေးကွက်ဝင်သီးနှံအဖြစ် အောင်မြင်လျက်ရှိနေရာ ဒေသခံစိုက်ပျိုးရေးလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိသလို အသီးလှိုင်လှိုင်ပေါ်လာသည့် ယခုလိုရာသီကာလတွင် ပုပ္ပားစျေးဆိုင်တန်းများ၊ ကျောက်ပန်းတောင်းမြို့ပေါ်ရှိ စျေးများနှင့်အဝေးပြေးကားဂိတ်များရှိ စျေးဆိုင်များတွင်လည်း ရောင်းတမ်းဝင်သီးနှံဖြစ်ကာ လူကြိုက်များလျက်ရှိနေကြောင်း သိရသည်။ **နေအောင်(iprd)**

e-Visa ဖြင့် ပထမဦးဆုံးဝင်ရောက်လာသူအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံဖြစ်စေရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်ကာ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ ယင်းဆောင်ရွက်ချက်များကြောင့် မြန်မာနိုင်ငံအတွင်းသို့ ပြည်ဝင်ဗီဇာအမျိုးမျိုးဖြင့် ဝင်ရောက်လာကြသည့် နိုင်ငံခြားသားများလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်၏ လက်ရှိဖွံ့ဖြိုးတိုးတက်နေသော အခြေအနေနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ ခရီးသွားဗီဇာ (Tourist Visa)ဖြင့် လာရောက်မည့် ကမ္ဘာလှည့် ခရီးသွားများအား မြန်မာနိုင်ငံအတွင်းသို့ အဆင်ပြေလွယ်ကူစွာ လာရောက်လည်ပတ် သွားလာနိုင်စေရေးအတွက် ယခုနှစ်စက်တင်ဘာ ၁ ရက်မှစတင်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ e-Visa စနစ်ဖြင့် ဝင်ရောက်ခွင့်ပြုခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဂျပန်နိုင်ငံသား Mr. Takahiro Ikeda အား e-Visa ဖွင့်ပွဲ အထိမ်း အမှတ် ပုဂံ ယဉ်ကျေးမှု နယ်မြေ ကျောက်စီ ပန်းချီကားကို အမှတ်တရလက်ဆောင် ပေးအပ်စဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် e-Visa စနစ်တရားဝင်စတင်ခွင့်ပြုသည့် ဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ပျဉ်ခ်ရွှင်ရယ်ဟိုတယ်၌ ကျင်းပခဲ့ပြီး အဆိုပါ ဖွင့်ပွဲအပြီး မြန်မာနိုင်ငံသို့ e-Visa ဖြင့် ပထမဦးဆုံး ဝင်ရောက်လာသည့် နိုင်ငံခြားသားမှာ စက်တင်ဘာ ၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဆိုက်ရောက်လာသည့် ခရီးစဉ် အမှတ် FD-2531 Air Asia လေကြောင်းလိုင်းဖြင့် လိုက်ပါလာသော ဂျပန်နိုင်ငံသား Mr.Takahiro Ikeda ဖြစ်သည်။

မြန်မာနိုင်ငံသို့ e-Visa ဖြင့် ပထမဦးဆုံး ဝင်ရောက်လာသည့် ဂျပန်နိုင်ငံသား Mr.Takahiro Ikeda အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး e-Visa ဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်မှုနှင့်ပတ်သက်၍ လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ e-Visa စနစ် စတင်ခွင့်ပြုသည့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပုဂံ ယဉ်ကျေးမှုနယ်မြေ ကျောက်စီပန်းချီကားကို ပြည်ထောင်စုဝန်ကြီးက အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီးနောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဂျပန်နိုင်ငံသား Mr. Takahiro Ikeda သည် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်ပြီး e-Visa စနစ် စတင်ခွင့်ပြုသည့်ဖွင့်ပွဲအပြီး ပထမဦးဆုံး ဝင်ရောက်လာသူ ဖြစ်သည်။ ၄င်းသည် ပုဂံဒေသသို့ လည်ပတ်ရန် လာရောက်ခဲ့ခြင်းဖြစ်ပြီး ယခု e-Visa ဖွင့်ပွဲအထိမ်းအမှတ် ပုဂံယဉ်ကျေးမှု နယ်မြေ ကျောက်စီပန်းချီကားကို အမှတ်တရလက်ဆောင် ရရှိခြင်းကြောင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ၄င်းအနေဖြင့် မြန်မာနိုင်ငံသို့ e-Visa ဖြင့် လျှောက်ထား ဝင်ရောက်နိုင်ကြောင်းကို အင်တာနက်တွင် တွေ့ရှိ၍ လျှောက်ထားခဲ့ပြီး လျှောက်ထားရာတွင် လုံးဝအခက်အခဲမရှိ၊ အဆင်ပြေပါကြောင်း၊ e-Visa ဖြင့် မည်သည့်နိုင်ငံမျှ သွားရောက်ခွဲဖူးခြင်းမရှိသေးပါကြောင်းနှင့် ယခုကဲ့သို့ နွေးထွေးစွာ ဂုဏ်ပြုကြိုဆိုမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက အဆိုပါ ဂျပန်နိုင်ငံသားအား ပုဂံခရီးစဉ်အတွက် လေယာဉ်လက်မှတ်ကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

၁၉၆၀ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၀ ပြည့်နှစ် ကျေးလက်စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု ရန်ပုံငွေအက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂

ဆေးတက္ကသိုလ်(၁) ရန်ကုန်ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာဌာနမှဦးစီး၍ နောက်ဆုံးနှစ် အပိုင်း(က)ကျောင်းသား ကျောင်းသူ ၁၂၀ ဖြင့် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မြို့မကျောင်း)ရှိ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် တစ်ကိုယ်ရေ ကျန်းမာရေးစစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို ဩဂုတ် ၂၅ ရက်က အဆိုပါကျောင်းဌာ်ဆောင်ရွက်ခဲ့သည်။ ကျောင်းသားကျောင်းသူများအား စနစ်တကျ လက်ဆေးတတ်စေရန် သရုပ်ပြသခြင်း၊ ကျန်းမာရေးနှင့်ညီသော အစာအာဟာရများ၊ ဦးနှောက်အမြွေးရောင်ရောဂါနှင့် တိရစ္ဆာန်များမှ ကူးစက်တတ်သော ကူးစက်ရောဂါများနှင့် မူးယစ်ဆေးဝါးရှောင်ကြဉ်ခြင်း ဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မိုးသူ**

ကချင်ပြည်နယ်အတွင်း မူလနေထိုင်ရာကျေးရွာများတွင် ပြန်လည်နေထိုင်မည့်အိမ်ထောင်စုများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် စက်တင်ဘာ ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် သည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ကချင်ပြည်နယ်အတွင်းရှိပြောင်းရွှေ့ပြည်သူများနှင့် မူလနေထိုင်ရာကျေးရွာများတွင် ပြန်လည်နေထိုင်မည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဝန်ကြီးဌာနအနေဖြင့် ပြောင်းရွှေ့အိမ်ထောင်စုများအတွက် ယနေ့အချိန်ထိ စုစုပေါင်းထောက်ပံ့ငွေကျပ်သိန်းပေါင်း ၂၅၅၀ ကျော် ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ထာဝရငြိမ်းချမ်းရေးရရှိပြီးသည်နှင့်တစ်ပြိုင်နက် မူလနေထိုင်ရာ ကျေးရွာများသို့ ပြန်လည်နေထိုင်မည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများနှင့်ပစ္စည်းများကို အဆင်သင့်ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ကချင်ပြည်နယ်အတွင်း များမကြာခင် ရရှိလာတော့မည့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်အပြီး ပြောင်းရွှေ့ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာအောင် သက်ဆိုင်ရာ အစိုးရဌာနများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ပြောင်းရွှေ့ပြည်သူများနှင့် မူလနေထိုင်ရာကျေးရွာများသို့ ပြန်လည်နေထိုင်မည့် အိမ်ထောင်စုများအတွက် ငွေကျပ်သိန်း ၆၄၃ ဒသမ ၆၇ နှင့် မြစ်ကြီးနားခရိုင်၊ ဗန်းမော်ခရိုင်၊ မိုးညှင်းခရိုင်၊ ပူတာအိုခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ငွေကျပ် ၅၄၁ ဒသမ ၂၁ သိန်း စုစုပေါင်း ငွေကျပ် ၁၁၈၄ ဒသမ ၈၈ သိန်းကို ထောက်ပံ့ပေးခြင်းသည် နိုင်ငံတော်သမ္မတကြီး ချမှတ်ထားသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကချင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်ကိုဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ပြန်လည်နေထိုင်မည့် အိမ်ထောင်စု ၃၃ စု လူဦးရေ စုစုပေါင်း ၁၉၀ တို့အတွက် ဆန်ရိက္ခာဖိုး ၃ ဒသမ ၃၇ သိန်း၊ အိမ်ဆောက်ပစ္စည်းဖိုး ၂၁၄ ဒသမ ၅ သိန်း၊ ၇ဒသမ ၀၆ သိန်းခန့် တန်ဖိုးရှိသော ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ ကျောင်းသားကျောင်းသူများအတွက် ၂ ဒသမ ၁၆ သိန်းခန့်တန်ဖိုးရှိသည့် ကျောင်းတက်စုံများ၊ ကယ်ဆယ်ရေးစခန်း ၁၀၁ ခုရှိ လူဦးရေစုစုပေါင်း ၄၃၃၇၈ ဦးတို့အတွက် ဆန်ရိက္ခာဖိုး ၃၁၆ ဒသမ ၆၃ သိန်း၊ သွားလာရန် ခက်ခဲသောဒေသများရှိ ပြောင်းရွှေ့ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ ခန့် တန်ဖိုးရှိသော နှစ်ယောက်အိပ် ခြင်ထောင်များ၊ ဆေးဝါးများနှင့် အစာ မုန့်ကြွပ်များ စုစုပေါင်းငွေကျပ် ၆၄၃ ဒသမ ၆၇ သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က မြစ်ကြီးနားမြို့နယ်အတွင်းရှိ ခရစ်ယာန်မျက်မမြင်ကျောင်းအတွက် ၄၅ ဒသမ ၆၅ သိန်း၊ အောင်တော်မူ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၂ ဒသမ ၃၄ သိန်း၊ မေတ္တာရင်ခွင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၁ ဒသမ ၃၅ သိန်း၊ ပြည်လုံးချမ်းသာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၃၅ ဒသမ ၇၂ သိန်း၊ မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၂ သိန်း၊ ရန်အောင်မြင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်း၊ မေတ္တာစိမ့်စမ်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်းနှင့် နေခြည်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၆ ဒသမ ၉၀ သိန်း၊ ဝိုင်းမော်မြို့နယ်အတွင်းရှိ ချမ်းမြေ့လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၉ဒသမ ၅၀ သိန်း၊ တနိုင်းမြို့နယ်အတွင်းရှိ မေတ္တာမွန် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၁၈ သိန်း၊ မြစ်ကြီးနားခရိုင် အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်း ၁၆ ကျောင်းအတွက် ၉၆ သိန်း၊ ဗန်းမော်မြို့နယ်အတွင်းရှိ ရေရှင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၃၆ ဒသမ ၄၅သိန်း၊ ညောင်ပင်သာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၁ ဒသမ ၉၀ သိန်းနှင့် ဗန်းမော်ဘိုးဘွားရိပ်သာအတွက် ၁၆ ဒသမ ၀၁ သိန်း၊ ဗန်းမော်ခရိုင် အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်း ခြောက်ကျောင်းအတွက် ၃၆ သိန်း၊ မိုးကောင်းမြို့နယ်အတွင်းရှိ သပြေပင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၃၄ ဒသမ ၉၉ သိန်း၊ မိုးညှင်းခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်း ခြောက်ကျောင်းအတွက် ၃၆ သိန်း၊ ပူတာအိုခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်း လေးကျောင်းအတွက် ၂၄ သိန်း စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၅၄၁ ဒသမ ၂၁ သိန်းကို တာဝန်ရှိသူများထံ ပေးအပ်ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများကြေညာ

နေပြည်တော် စက်တင်ဘာ ၂

၂၀၁၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကို **စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးလှုပ်ရှားစို့** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ၁၃/၄၇၄၊ မန်းရပ် ကန်တော်လမ်း တောင်ဝူမြို့ ပဲခူးတိုင်းဒေသကြီး ဦးအောင်သန်း (အောင်ခန့်ဖြူးဝေ-တောင်ဝူ) က လည်းကောင်း၊ ဒုတိယဆုကို အမှတ်(၁၁၄) လက်ဝဲသုန္ဒရလမ်း စိန်ထွန်းရပ် မြို့တွင်းကြီး ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး ဦးထိန်လင်း (လင်းအရုဏ်ဦး-ပဲခူး) ကလည်းကောင်း၊ တတိယဆုကို ဒုတိယဓာတ်ခွဲမျှူး ပြည်သူ့ဆေးရုံအုတ်တွင်းမြို့ ပဲခူးတိုင်းဒေသကြီး ဦးခင်မောင်ချို(ခင်မောင်ချို-ကညွတ်ကွင်း)ကလည်းကောင်း ရရှိသည်။

ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **စာပေအင်အား ထင်ရှားပေ၊ စာပေမြင့်ကွင်း ထင်လင်းနေ** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာပထမဆုကို မော်လမြိုင် ပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ဒီပလိုမာသင်တန်း ဒုတိယနှစ်သင်တန်းသူ မမိုးဇာဇာကျော်က လည်းကောင်း၊ ဒုတိယဆုကို မုံရွာပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း ဒုတိယနှစ်သင်တန်းသူ မနှင်းဝတ်မှုံထွန်းက လည်းကောင်း၊ တတိယဆုကို မန္တလေးပညာရေးကောလိပ်မှ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း ဒုတိယနှစ်သင်တန်းသူ ကလည်းကောင်း၊ တတိယဆုကို နေပြည်တော်တပ်ကုန်း အခြေခံပညာအထက်တန်းကျောင်း ကပစ(၁)မှ အဌမတန်းကျောင်းသူ မယွန်းမိမိမြို့ အောင်ကလည်းကောင်း ရရှိသည်။

အခြေခံပညာ အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို **လောကကမ္ဘာသာယာဖို့၊ စာတတ်မြောက်ရေးကူညီစို့** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မသက်ထားဆွေကလည်းကောင်း၊ ဒုတိယဆုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် နောက်လယ်- အခြေခံပညာအထက်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသူ မလင်းပြည့်သျှန်က လည်းကောင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆဋ္ဌမတန်းကျောင်းသူ ကလည်းကောင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဒုတိယတန်းကျောင်းသား မောင်ခန့်စည်သူ ကလည်းကောင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကပစ(၁)မှ ဒုတိယတန်းကျောင်းသူ မယွန်းမိမိမြို့ အောင်ကလည်းကောင်း ရရှိသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် စက်တင်ဘာ ၆ ရက် (စနေနေ့) ညနေထက် နောက်မကျစေဘဲ ဦးစိုးဝင်း(ညွှန်ကြားရေးမှူး) ဖုန်း ၀၉-၄၀၂၅၃၅၅ နှင့် ဦးဇော်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)ဖုန်း ၀၉-၄၉၀၃၆၂၁၁ တို့အား ဆက်သွယ်၍ **နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)** သို့ လူကိုယ်တိုင် (မပျက်မကွက်) သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်တွင် ထိခိုက် သေဆုံးခြင်းအတွက် အကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခွဲ(၅)တွင် အကျိုးဝင် မှတ်ပုံတင်ထားသော Elite Express လုပ်ငန်းမှ အာမခံအလုပ်သမားဖြစ်သူ မုံရွာဂိတ်ခွဲတွင် တာဝန်ထမ်းဆောင်နေသော ပါဆယ်စာရေး ဦးရဲမင်းသူသည် မုံရွာသို့ရောက်ရှိလာမည့် Elite ယာဉ်များ၏ပါဆယ်များကို စစ်ဆေးရန် ဧပြီ ၃၀ ရက်နံနက်ပိုင်းက မိမိနေအိမ်မှ ဆိုင်ကယ်ဖြင့်ဂိတ်သို့အလာ မုံရွာမြို့ ပိုလ်ချုပ်အောင်ဆန်းလမ်း အနောက်ဘက်စေးသစ်အလယ်ပေါက်အနီး ခွေးကို ရှောင်လိုက်စဉ် လမ်းဘေးဓာတ်တိုင်ကို ဝင်တိုက်မိပြီး အခင်းဖြစ်ပွားရာ နေရာ၌ဝင် ယင်းနေ့ နံနက် ၃ နာရီ ၁၅ မိနစ်တွင် သေဆုံးသွားခဲ့သည်။

အလုပ်တွင် ထိခိုက်သေဆုံးမှုအတွက် လူမှုဖူလုံရေးအဖွဲ့က ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၃၉၀၀၀၀၀ ကို လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဦးက သေဆုံးသူ ဦးရဲမင်းသူ၏ ဇနီးဒေါ်မေစိုးကို သြဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံရှိ Elite Express ရုံးခန်း၌ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

ပြည်တွင်းသတင်း

မြောက်ဥက္ကလာပ(သီရိရတနာ) ဘဏ်ခွဲနှင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှု ရုံးခွဲဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ၏ ငွေကြေးလည်ပတ်စီးဆင်းမှုကို အထောက်အကူပြုစေမည့်အပြင် ငွေကြေးသုံးစွဲသူပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်သည့် အင်းဝဘဏ်လီမိတက်၏ (၃၇) ခု မြောက် ဘဏ်ခွဲဖြစ်သော ရန်ကုန်မြို့ မြောက်ဥက္ကလာပ(သီရိရတနာ) ဘဏ်ခွဲနှင့် မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း ရုံးခွဲဖွင့်ပွဲကို ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် သီရိရတနာလက်ကားစျေး၌ စက်တင်ဘာ ၁ ရက် နံနက်က ကျင်းပသည်။ **(ယာပုံ)**

အင်းဝဘဏ်လီမိတက်၏ (၃၇) ခု မြောက်ဘဏ်ခွဲဖြစ်သည့် မြောက်ဥက္ကလာပ (သီရိရတနာ)ဘဏ်ခွဲသည် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြည်သူများ၊ သီရိရတနာအဆင့်မြင့် စျေးအတွင်းရှိ စျေးရောင်းစျေးဝယ်နှင့် အခြားပြည်သူများအတွက် ငွေပို့ငွေလွှဲခြင်း၊ ငွေစာရင်းဖွင့်လှစ်ခြင်း၊ ငွေသွင်းငွေထုတ်ခြင်း စသည့်လုပ်ငန်းများကို အဆင်ပြေချောမွေ့လျင်မြန်လွယ်ကူစေရန် အထောက်အကူပြုမည်ဖြစ်သည်။ ထို့အပြင် မင်္ဂလာဒုံ စက်မှုဇုန်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်၊ ဝေဘာဂီမြို့သစ်တို့မှ လုပ်ငန်းရှင်များ၊ ပြည်သူများအနေဖြင့် ငွေကြေးစုဆောင်းမှု၊ လွှဲပြောင်းမှု လုပ်ငန်းများကို မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းဖြင့်ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်သည်။

မိုဘိုင်း ငွေကြေးဝန်ဆောင်မှု အနေဖြင့် CDMA နှင့် GSM စနစ်သုံးမည်သည့်မိုဘိုင်းဖုန်း အမျိုးအစားမဆို နေရာမရွေး အချိန်မရွေး လူတိုင်းအတွက် မိုဘိုင်းဖုန်းရှိရုံဖြင့် E Money ထည့်သွင်းပြီး ငွေကြေးလွှဲပြောင်း၊ ဖုန်းပြောဆိုခပေးချေမှုနှင့် စျေးဝယ်မှုများလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယင်းမှာ သင့်ဖုန်းသည် သင့်ဘဏ်၊ သင့်ဖုန်းသည် သင့်ဖုန်းပိုက်ဆံအဖြစ် အမြဲရှိလာမည်ဖြစ်သည်။ မြောက်ဥက္ကလာပ(သီရိရတနာ) ဘဏ်ခွဲနှင့် မြန်မာမိုဘိုင်း ငွေကြေးဝန်ဆောင်မှုလုပ်ငန်းရုံးခွဲ ဖွင့်လှစ်ခြင်း အခမ်းအနားသို့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေ၊ စီမံကိန်းများ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုး၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွဋ်၊ အင်းဝဘဏ်လီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးမြသိန်း၊ မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှု လုပ်ငန်းအမှုဆောင်အရာရှိချုပ် ဦးကျော်စွာဦး တို့တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် စွမ်းရည်ပြိုင်

နေပြည်တော် စက်တင်ဘာ ၂

နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် နေပြည်တော်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မျိုးတို့ ဦးစီးကျင်းပသော ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ သဏ္ဌာန်တူရှေးဦးပြုစုခြင်း စွမ်းရည်ပြိုင်ပွဲကို သြဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် ကြက်ခြေနီအသင်းရုံး၌ ကျင်းပသည်။**(ဝဲပုံ)**

အခမ်းအနားတွင် နေပြည်တော်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဖေအောင်က အမှာစကားပြောကြားပြီး စွမ်းရည်ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းကမ်းချက်များကို နေပြည်တော်ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး (ဒုတိယတန်း) ဒေါ်ခင်စန်းမူနှင့် ဒေါ်မာလာအောင်တို့က ရှင်းပြသည်။

ထို့နောက် စွမ်းရည်ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ တပ်ဖွဲ့ဝင်များကတစ်ဦးချင်း အမျိုးသား၊ အမျိုးသမီး၊ နှစ်ယောက်တွဲ၊ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးစသည့် တပ်ဖွဲ့ဝင်များ ၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ဦးစီးကျင်းပမည့် စက်တင်ဘာ ၁၃ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ရှေးဦးပြုစုခြင်း အခမ်းအနားတွင် နေပြည်တော် ကောင်စီနယ်မြေ နေပြည်တော်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ခြင်းလုံးအားကစားနည်း ညှိနှိုင်းဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂

စင်ကာပူနိုင်ငံ၌ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လက်ခံကျင်းပမည့် အာရှဖိတ်ခေါ် ခြင်းလုံးခတ်ပြိုင်ပွဲနှင့် အာရှပိုက်ကျော်ခြင်း ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ မြန်မာ့ရိုးရာခြင်းလုံး အားကစားနည်း နိုင်ငံတကာသို့ ထိုးဖောက်ဝင်ရောက်ပျံ့နှံ့စေရေးအတွက် လည်းကောင်း၊ စည်းမျဉ်းဥပဒေများ ညှိနှိုင်းဆွေးနွေးပွဲကို စင်ကာပူနိုင်ငံရှိ စင်ကာပူစင်တာ အစည်းအဝေးခန်းမတွင် သြဂုတ် ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ အားကစားဝန်ကြီးဌာနမှ ဦးကျော်ဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ဦးစိုးနိုင်(အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဦးမြသန်းထိုက်(ညွှန်ကြားရေးမှူး)၊ ဦးရဲမြင့်ထွန်း(ညွှန်ကြားရေးမှူး)၊ ဦးကျော်ဇင်မိုး(ဒုတိယညွှန်ကြားရေးမှူး)နှင့် အာရှခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Halim နှင့် တွဲဖက်အတွင်းရေးမှူး Mr.Taufiq တို့ တက်ရောက်ကြသည်။ **(ခြင်းလုံးအဖွဲ့ချုပ်)**

အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်

ကန်တာတစ်စီးက လိုက်ထရပ်နှင့်ဆိုင်ကယ်နှစ်စီးကို တိုက်မိ

မန္တလေး စက်တင်ဘာ ၂

မန္တလေး အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်တွင် စက်တင်ဘာ ၁ ရက် ည ၉နာရီခန့်က ကန်တာတစ်စီးက လိုက်ထရပ်နှင့်ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ မရှိဘဲ နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်မှာ မန္တလေး အောင်မြေသာစံမြို့နယ် ၈၇ လမ်း၊ ၁၉ လမ်းထိပ်တွင် ၈၇ လမ်းအတိုင်း မြောက်မှတောင်သို့ ယာဉ်မောင်း သက်နိုင်ဦး အကွက်(၅၀) ပွဲစားဝင်း နေသူ မောင်းနှင်သည့် ၈ဇ/----ကန်တာအဖြူရောင်ယာဉ်က ၈၇ လမ်းယာဘက်ခြမ်းလမ်းဘေးတွင် ရပ်ထားသော လိုက်ထရပ်ယာဉ်၏ နောက်ပိုင်းကို တိုက်မိပြီး ဆက်လက် မောင်းနှင်လာရာ ၈၇ လမ်းနှင့် ၂၁ လမ်း လမ်းထိပ် အရောက်တွင်

မျက်နှာချင်းဆိုင်မှ အောင်ဆန်းထူး သိုးခြံရပ်နေသူ မောင်းနှင်လာသော ၂၄ယ/---- နယူးဆန်ဘို ၁၂၅ နိနက်ရောင် ဆိုင်ကယ်ကိုဝင်ရောက်တိုက်မိပြီး ဆက်လက် မောင်းနှင်လာရာ ၈၇ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား အောင်လက်ဖက်ရည်ဆိုင်ရှေ့အရောက်တွင် ၈၇ လမ်းတောင်မှမြောက်သို့ ကိုဇော်သန်းမင်းတဲအီကင်းရပ်နေသူ မောင်းနှင်သည့် ၁၈ယ/---- တိုဟုန်း 110 ဆိုင်ကယ်ကို ထပ်မံတိုက်မိပြီး ဆက်လက်မောင်းနှင်လာရာ ဦးဘုန်းကျော် ပိုင်ဆိုင်သည့် ၈၇ လမ်း၊ ၂၁ နှင့် ၂၂ လမ်းကြား အကွက် (၁၁၄) နေအိမ်အရှေ့ပိုင်းကို တိုက်မိခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ယာဉ်တိုက်မှုကြောင့် လိုက်ထရပ်တစ်စီး၊ ဆိုင်ကယ်နှစ်စီးနှင့် နေအိမ်အရှေ့ပိုင်းတို့ ပျက်စီးခဲ့သည်။ အောင်ဆန်းထူးနှင့် ကိုဇော်သန်းတို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသက်နိုင်ဦးအား အမှတ်(၅)မြို့မ ရဲစခန်း၌ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

(ယမန်နေ့မှအဆက်)

(ဆ) **တာဝန်မှ ယာယီရပ်ဆိုင်းခဲ့သည့်ကာလအတွက် လစာအပြည့် ခံစားခွင့်မပြုခြင်း သို့မဟုတ် ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်ခြင်း** ဆိုသည်မှာ ဌာနဆိုင်ရာအရေးယူခံရသည့် ဝန်ထမ်းကို နည်းဥပဒေ ၆၈ ပါ အခြေအနေများအရ တာဝန်မှယာယီရပ်ဆိုင်းခြင်းသည် ပြစ်ဒဏ်ချမှတ်ခြင်းမဟုတ်သော်လည်း အမှုကိစ္စပြီးဆုံး၍ ဝန်ထမ်းတွင် အပြစ်ရှိကြောင်း တွေ့ရှိသည့်အခါ၌ တာဝန်မှယာယီရပ်ဆိုင်းခဲ့သည့်ကာလကို လစာစရိတ်အပြည့်ခံစားခွင့် မပြုသည့်အခါတွင် ဖြစ်စေ၊ ယင်းကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်သည့်အခါတွင်ဖြစ်စေ၊ ဝန်ထမ်းရေးရာခံစားခွင့်များ ဆုံးရှုံးစေခြင်းကိုဆိုသည်။ ယင်းသို့ တာဝန်မှရပ်ဆိုင်းချိန်တွင် ပြစ်ဒဏ်စတင်သက်ရောက်သည်။ ယင်းပြစ်ဒဏ်ကိုချမှတ်ရာ၌-

(၁) အမှုကိစ္စမပြီးဆုံးမီ ဝန်ထမ်းကို နည်းဥပဒေ ၁၇၂ အရ တာဝန်မှ ယာယီရပ်ဆိုင်းခြင်းသည် စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူဆောင်ရွက်ချက်တစ်ရပ်မျှသာဖြစ်၍ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းမဟုတ်ချေ။ သို့ရာတွင် အမှုကိစ္စပြီးဆုံး၍ ဝန်ထမ်းတွင် အပြစ်မကင်းရှင်းကြောင်း တွေ့ရှိရသဖြင့် တာဝန်မှယာယီရပ်ဆိုင်းထားခဲ့သည့်ကာလအတွက် လစာအပြည့် ခံစားခွင့်မပြုသည့်အခါတွင် ဖြစ်စေ၊ ထိုကာလကို တာဝန်ချိန်အဖြစ် မသတ်မှတ်သဖြင့် ပင်စင်လုပ်သက်ရေတွက်ခွင့်နှင့် အခြားဝန်ထမ်းရေးရာခံစားခွင့်များဆုံးရှုံးသွားသည့်အခါတွင်ဖြစ်စေ ဝန်ထမ်းကို တာဝန်မှ ယာယီရပ်ဆိုင်းခဲ့ခြင်းသည် ပြစ်ဒဏ်ချမှတ်ခြင်းစတင်သည်။ တစ်ရပ်ရပ်ချမှတ်ရန်ရှိသည့်အခါ တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်းမရသည့်ကာလကြာမြင့်မှု၊ တာဝန်မှယာယီရပ်ဆိုင်းထားခဲ့ခြင်းကြောင့် ဝန်ထမ်း၏ဆုံးရှုံးနစ်နာမှု၊ သိက္ခာကျဆင်းမှုတို့ကို စဉ်းစားရမည်။

(၅) **ရာထူးမှထုတ်ပယ်ခြင်း** ဆိုသည်မှာ ဥပဒေကြောင်းအရ တရားစွဲဆိုခြင်းခံရပြီး ကြီးလေးသော ပြစ်ဒဏ်စီရင်ခံရခြင်းကြောင့် ဖြစ်စေ၊ ပြစ်မှုကျူးလွန်သည်မှာအလေ့အကျင့်ကဲ့သို့ဖြစ်နေခြင်းကြောင့်ဖြစ်စေ၊ ဝန်ထမ်းအား လက်ရှိရာထူး၌ တာဝန်ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်းကိုဆိုသည်။ ဤပြစ်ဒဏ်ကိုချမှတ်ရာ၌-

(၁) ရာထူးမှထုတ်ပယ်ခြင်းခံရသည့်ဝန်ထမ်းသည် ဤသို့ရာထူးမှ ထုတ်ပယ်ခြင်းခံရသည့်နေ့မှစ၍ လစာနှင့်စရိတ်ထုတ်ယူခွင့် ဆုံးရှုံးသည့်ပြင်အမှုထမ်းသက်နှင့်ပင်စင်ခံစားခွင့်လည်း ဆုံးရှုံးသည်။ သို့ရာတွင် တည်ဆဲနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကရုဏာကြေးကို လျှောက်ထားခွင့်ရှိသည်။

(၂) ရာထူးမှထုတ်ပယ်ခြင်းခံရသူအား နောင်တွင်ဝန်ထမ်းအဖြစ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ သဘောတူညီချက်ဖြင့် ပြန်လည်ခန့်ထားခွင့်ရှိသည်။

(၅) **ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း** ဆိုသည်မှာ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဥပဒေကြောင်းအရ တရားရုံး၏ကြီးလေးသော ပြစ်ဒဏ်စီရင်ခံရမှုကြောင့်ဖြစ်စေ၊ ဝန်ထမ်းအားဝန်ထမ်းအဖွဲ့အစည်း၌ ဆက်လက်ထားရှိရန် မသင့်လျော်သဖြင့် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းကိုဆိုသည်။ ဤပြစ်ဒဏ်ကို ချမှတ်ရာ၌-

(၁) ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းခံရသူသည် ဤသို့ထုတ်ပစ်ခြင်းခံရသည့်နေ့မှစ၍ လစာနှင့် စရိတ်ထုတ်ယူခွင့်ဆုံးရှုံးသည့်ပြင် အမှုထမ်းသက်နှင့်တကွပင်စင်ခံစားခွင့်လည်းဆုံးရှုံးသည်။

(၂) ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းခံရသူကို ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်တွင် ပြန်လည်ခန့်ထားခြင်းမပြုရ။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် နန်ချွန်သစ်တောရေးရာဝန်ကြီးဌာန လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁)ခန်းမ၌ ဩဂုတ် ၂၉ ရက်က အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းဆင်းပွဲနှင့် နိုင်ငံ့ဝန်ထမ်း စွမ်းဆောင်ရည်ဆုရရှိသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပရာ လေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးခင်မောင်တင်ကသင်တန်းဆင်းအမှာစကားပြောကြားစဉ်။ ကျော်လှ(တောင်ငူ)

ပြည်တွင်းသတင်းနှင့်ကြေငြာ

အမှတ်(၃)အလယ်တန်းကျောင်း အဆင့်မြှင့်တင်ပြီးစီးမှု လွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၂

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် သြဂုတ် ၂၈ ရက်က မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ချောက်ရေနံမြေနှင့်ရေနံချောင်းရေနံမြေတို့တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံအခြေစိုက် Gold Petrol ကုမ္ပဏီမှ ဒေသတွင်း လူမှုစီးပွားပံ့ပိုးကြီးတိုးတက်ရေးအစီအစဉ်ဖြင့် ဆောင်ရွက်လျှက်ရှိသော အမှတ်(၃) အလယ်တန်းကျောင်း သရဖီနှစ်ထပ်ဆောင်အား အုတ်တိုက်ကျောင်းအဖြစ် အဆင့်မြှင့်တင်ပြီးစီးမှုလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်ခဲ့သည်။ ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်ဇော်က ချောက်ရေနံမြေသည် သယံဇာတကြွယ်ဝခဲ့ပြီး ကမ္ဘာက အသိအမှတ်ပြုခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော ရေနံမြေတစ်ခုဖြစ်ကြောင်း၊ ယခုအခါနှစ်ပေါင်း ၁၀၀ကျော်ခဲ့ပြီး မြန်မာနိုင်ငံ၏ ရှေးအကျဆုံးရေနံမြေထဲတွင် တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် Gold Petrol ကုမ္ပဏီ၏ ခေတ်မီနည်းပညာများ၊ ခေတ်မီတွင်းတူးစက်များအသုံးပြုကာ တူးဖော်ခဲ့သဖြင့် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိနေပါကြောင်း၊ တစ်ဖက်တစ်လမ်းမှ ဒေသခံဝန်ထမ်းများနှင့် ပြည်သူလူထု၏ ကျန်းမာရေးအတွက် ဆေးပဒေသာပင်များစိုက်ထူခြင်း၊ သွားဘက်ဆိုင်ရာပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများကို လျှုဒါန်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ပညာရေးလုပ်ငန်းများ အနေနှင့် မူလတန်းလွန်ကျောင်းဆောင်သစ် ဆောက်လုပ်လျှုဒါန်းခြင်း၊ သောက်ရေသန့်စနစ် တပ်ဆင်လျှုဒါန်းခြင်း၊ ရေသိုလှောင်ကန်ဆောက်လုပ်ရန်လျှုဒါန်းခြင်း၊ သလုံးသွေးကျေးရွာ မီးဘေးပြန်လည်ထူထောင်ရေးအတွက် လျှုဒါန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့တွင်လည်း အမှတ်(၃)အလယ်တန်းကျောင်း သရဖီနှစ်ထပ်ကျောင်းဆောင်အား အုတ်တိုက်အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျှုဒါန်းသဖြင့် ဒေသခံပြည်သူလူထု၏ သားသမီးကျောင်းသား ကျောင်းသူများ၏ ပညာရေးအားပေးရာ ရောက်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဒေသတွင်း လူမှုဘဝအကျိုးကျေးဇူး မြှင့်တင်နိုင်ရန် လျှုဒါန်းခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ ချောက်ရေနံမြေ အထွေထွေမန်နေဂျာနှင့် Gold Petrol ကုမ္ပဏီ၏ တာဝန်ရှိသူက ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးအား လွှဲပြောင်းပေးအပ်ပြီး မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စပါးပင်ပျက်ရွှေခရုများရန်မှကာကွယ်နိုင်သည့် စိုက်ပျိုးရေးနည်းပညာပေးပြသ

ဒေးဒရဲ စက်တင်ဘာ ၂

ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် အနောက်ဘက်ခြမ်းရှိ လေးအိမ်ကုန်း၊ ဝွလေး၊ မိချောင်းအိုင်၊ တမ္ဘတ်၊ ပျဉ်ထောင်စု၊ အဖောင်ကြီး စသည့် ကျေးရွာအုပ်စုအချို့တွင် ယခုနှစ် မိုးရာသီစိုက်ပျိုးထားသည့် စပါးပင်များကို ကိုက်ဖျက်ဖျက်ဆီး စားသောက်လျက်ရှိသော ရွှေခရုများရန်မှကာကွယ်နိုင်သည့် စိုက်ပျိုးရေးနည်းပညာများ ရှင်းလင်းပြသပွဲကို ယမန်နေ့နံနက်မှစ၍ ရွာစဉ်အလိုက် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ရောဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ ဖျာပုံခရိုင်နှင့် မအူပင်ခရိုင် ဦးစီးမှူးများ ဖြစ်ကြသော ဦးနိုင်လင်း၊ ဦးမျိုးခန့်၊ ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးတာဝန်ခံ ဒေါ်ကြူကြူဆွေတင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူလယ်သမားများနှင့် ရင်းနှီးစွာတွေ့ဆုံဆွေးနွေး လက်တွေ့ဆောင်ရွက်ပြသကြသည်။

အဆိုပါ စပါးပင်များကို ကိုက်ဖျက်ဖျက်ဆီးလျက်ရှိသော ရွှေခရုများမှာ အခြားနိုင်ငံများမှ မျိုးပွားရောက်ရှိလာသော ခရုမျိုးသစ်များဖြစ်ပြီး ဒေးဒရဲမြို့နယ်အတွင်း လွန်ခဲ့သော သုံးနှစ်ခန့်က စတင်ရောက်ရှိပြန့်ပွားလာကြောင်း သိရှိရကာ စိုက်ပျိုးရေးနည်းပညာဖြင့် ကာကွယ်တားဆီးရုံသာမက အခြားနိုင်ငံအချို့နည်းတူ ဒေသခံတောင်သူလယ်သမားများက စားသောက်ဖွယ်ဟင်းလျာအဖြစ် ချက်ပြုတ်စားသောက်ခြင်းနှင့် အသုပ်ပြုလုပ်စားသောက်ကာ စပါးပင်ပျက်စီးမှုအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၁၄၅)**

ကျောင်းဆောင်ရှေ့ရေကန်ကြီး ပြန်လည်ပြုပြင်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မိုင်းခေါင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးခန်း၌ (၁/၂၀၁၄) မီးသတ်ပညာအခြေခံသင်တန်းနှင့် (၂/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို သြဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မန်စီမြို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြောကြား၍ မိုင်းခေါင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးပီတာဘောက်နော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းတင်ပြဆွေးနွေးကာ မီးသတ်တာဝန်ခံ တပ်ကြပ်ကြီး ဦးတန်ဂွန်းနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဒေါ်ခိုင်မာဦးတို့က သင်တန်းသားများအား လူတိုင်းရှေးဦးသူနာပြုစုခြင်းဘာသာရပ်ကို စနစ်တကျကျွမ်းကျင်တတ်မြောက်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းပြောကြားကာ ဆုရသင်တန်းသားများအား ဆုများချီးမြှင့်ပေးခဲ့သည်။ အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ မီးသတ်သင်တန်းသား ၃၅ ဦး၊ ကြက်ခြေနီသင်တန်းသား ၃၀၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မီးသတ်အခြေခံ သင်တန်းဆင်းပွဲ ကျင်းပ

မန်စီ စက်တင်ဘာ ၂

အခြေခံစာကြည့်တိုက်ပညာ ရက်တိုသင်တန်း ဖျာပုံတွင် ဖွင့်လှစ်

ဖျာပုံ စက်တင်ဘာ ၂

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်း အမှတ် (၁၄) ရှိ ဘောလ်ဒွင် (BALDWIN LIBRARY) စာကြည့်တိုက်တို့ ပူးပေါင်းစီစဉ်သည့် အခြေခံစာကြည့်တိုက်ပညာရက်တိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၂၉ ရက်နံနက် ၉ နာရီက ဆရာဇော်ဂျီရာပြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်က အမှာစကားပြောကြားပြီး ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင် (စာရေးဆရာ ဖိုးအောင်လေး) နှင့် BALDWIN LIBRARY မှ library Director ဦးကျော်ခိုင်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က သင်တန်းတက်ရောက်နေသည့် ကျေးရွာစာကြည့်တိုက်များသို့ ရန်ပုံငွေကျပ် ငါးသိန်း ပေးအပ်လျှုဒါန်းရာ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝေမြင့်က လက်ခံယူခဲ့သည်။

အဆိုပါသင်တန်းသို့ ကျေးရွာနှင့် ကျောင်းစာကြည့်တိုက်များတွင် လက်ရှိတာဝန်ယူလုပ်ဆောင်နေကြသူများ တက်ရောက်လျက်ရှိပြီး သင်တန်းကာလ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

အာစရိယပူဇော်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

သီပေါ စက်တင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယ(မြတ်ဆရာ)ပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက မြို့လယ်မမ္မာရုံ မဟာသာသနာ့ဗိမာန်တော်အဆောက်အအုံ၌ ကျင်းပရာ ပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဦးခင်မောင်ဝင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

အာစရိယ(မြတ်ဆရာ)ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ဦးခင်ဇော် (ခင်ဇော်နှင့် ညီများကျောက်မျက်ကုမ္ပဏီ)က ငွေကျပ်သိန်း ၁၀၀ မတည်လျှုဒါန်းထားပြီး စက်တင်ဘာ ၃၀ ရက်တွင် အသက် ၆၀ နှစ် သက်ပြည့်ပင်စင်၊ လုပ်သက်ပြည့်ပင်စင်၊ ဆေးပင်စင်ခံစားနေကြသော ဆရာကြီးများ ဆရာမကြီးများ ၁၁၇ ဦးကို တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် လာမည့် အောက်တိုဘာ ၂၅ ရက်တွင် သီပေါအထကဘ၌ ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ဆရာကြီး ဆရာမကြီးများအား အလျှုငွေများလျှုဒါန်းလိုပါက ဦးအောင်ခင်ဖုန်း-၀၉-၅၅ဂ၃၁ဃ၀၆၊ ဦးဆန်နီ ၀၉-၅၂ ၇ဂ၁၉၁ ဦးစီးကော်မတီတို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

မျိုးသန့်မိုးစပါးစံပြ ၁၀ ဧက ကွင်းဆင်းဆောင်ရွက်

မော်လမြိုင် စက်တင်ဘာ ၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ခရုံကျေးရွာကွင်းအမှတ်(၃၅၂)၊ ဦးပိုင် (၂/ခ) တောင်သူ ဦးတင်ဦး၏ ပေါ်ဆန်းယဉ်မျိုးသန့်စပါးစံပြစိုက်ကွက် ၁၀ ဧကကို သြဂုတ် ၂၇ ရက် နံနက် ၉ နာရီက မျိုးကွဲပယ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေဩဇာကျွေးခြင်းနှင့် အသီပညာပေးဟောပြောပွဲကျင်းပကြောင်း သိရသည်။

အခမ်းအနားသို့ မွန်ပြည်နယ် ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ကျော်ဦး၊ ကျိုက်မရောမြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးတင်ရွှေ၊ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်နှင့် မြို့နယ် စိုက်ပျိုးရေးအဖွဲ့ဝင်များ၊ ခရုံကျေးရွာမှ တောင်သူ ဦးတင်ဦးနှင့် တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ် မော်လမြိုင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူးက မျိုးကွဲပယ်ခြင်း GAP သိပ္ပံနည်းစနစ်တကျစိုက်ပျိုး အလေ့အကျင့်ကောင်းများကိုလည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးက ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေဩဇာကျွေးခြင်း လုပ်ငန်းများကို ပညာပေးကွင်းဆင်းဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး ခရုံကျေးရွာ တောင်သူ ဦးတင်ဦး၏ ပေါ်ဆန်းယဉ်စံပြစိုက်ကွက် ၁၀ ဧက မျိုးသန့်စပါးခင်း၌ မျိုးကွဲပယ်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ မြေဩဇာကျွေးခြင်းများ ကွင်းဆင်းဆောင်ရွက်မှုများကို စိုက်ပျိုးရေးခရိုင်ဦးစီးမှူးနှင့် အဖွဲ့ဝင်များက ကြည့်ရှုခဲ့ကြောင်း သိရသည်။

ကိုသိန်း(မော်လမြိုင်)

ပြည်တွင်းသတင်းနှင့်ကြေငြာ

❒ **ရွှေဖုံးမှ**

၆၅ ကီလိုတန်းတွင် ၁၀ နိုင်ငံ၊ ကာယကြံ့ခိုင်မှု ၁၆၀ စင်တီမီတာ Athlatic Physigue တွင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ အားကစားသမား ၃၅၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အာရှကာယဗလတံခွန်စိုက်ဆုကို အီရန်နိုင်ငံကလည်းကောင်း၊ ကာယကြံ့ခိုင်မှုတံခွန်စိုက်ဆုကို ဗီယက်နမ်ကလည်းကောင်း အသီးသီးဆွတ်ခူးသွားသည်။ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ ချုပ်ဥက္ကဋ္ဌဦးညီညီ၊ အတွင်းရေးမှူးဦးကျော်သန်း (အုပ်ချုပ်သူ)၊ အမှုဆောင် ဒေါ်ရီရိုဝင်း(ဒိုင်)၊ ဦးအောင်နိုင်(နည်းပြ)နှင့် အားကစားသမားများ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး

စဉ်ကူး စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ်ကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း ကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ သြဂုတ် ၂၆ ရက်က လက်ပန်လှကျေးရွာအထက၌ ကွင်းဆင်းပြုလုပ်ပေးရာ ကျေးရွာအုပ်ချုပ်ရေးမှူးဦးရွှေဦးက အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဦးဝင်းမြင့်ထူးက ကျောင်းသား ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၇၉ ခုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သွယ်သွယ်အေးထံ စုပေါင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**

ကန်ရေပြင် အချဉ်ဓာတ်မြင့်မားသဖြင့် ငါးများသေဆုံး

ကျိုင်းတုံ စက်တင်ဘာ ၂

ကျိုင်းတုံမြို့ ရပ်ကွက်(၅)တွင် တည်ရှိသည့် နောင်တုံရေကန်ကြီးအတွင်း၌ ငါးအသေကောင်များ ရေပေါ်တွင် ပေါလောပေါ်နေသဖြင့် မြို့နယ်တာဝန်ရှိသူများက ဖြစ်စဉ်ကိုစုံစမ်းစစ်ဆေးကြည့်ရာမှ ကန်ရေပြင်၏ ရေထုအတွင်း၌ ရေအချဉ်ဓာတ်ပါဝင်မှုမြင့်မား၍ ဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။

မြို့နေပြည်သူများ သာမက ကျိုင်းတုံမြို့သို့ အလည်အပတ် ရောက်လာတတ်ကြသည့် ပြည်တွင်းနှင့် ပြည်ပခရီးသွားဧည့်သည်များလည်း သွားရောက်ကြည့်ရှုလေ့လာတတ်သော နောင်တုံကန်သည် သဘာဝအလှအပများနှင့် ပြည့်စုံသည်ဟု ရောက်ဖူးကြသူများက မှတ်ချက်ပြုကြလေ့ရှိသည်။ နောင်တုံကန်အတွင်း စက်တင်ဘာ ၁ ရက်က ငါးအသေကောင်တချို့ကို ရေပေါ်တွင် စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်မျိုး ၂၀၁၃ ခုနှစ် နွေရာသီတွင် တစ်ကြိမ်တွေ့ရှိခဲ့ရဖူး၍ ကန်အနီးတွင် နေထိုင်ကြသော လူငယ်တချို့၏ သတင်းပေးမှုမှ တစ်ဆင့် မြို့နယ်တာဝန်ရှိသူများကသိရှိပြီး အရေးတယူလေ့လာစိစစ်၍ ဖြစ်ရပ်မှန်ကို မြို့နေပြည်သူများအား သတင်းထုတ်ပြန် ပေးခဲ့သည်။

ကန်ရေပြင်၏ ရေအချဉ်ဓာတ် ပါဝင်မှုမှာ Ph9.31 ရှိနေကြောင်း သိရှိရပြီး ငါးများသေဆုံးမှု၏ အဓိကအကြောင်းရင်းကို ငါးလုပ်ငန်းဦးစီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများက လေ့လာစုံစမ်းကြောင်း သိရသည်။

ကြည်မင်းဦး

ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် ညောင်ဦးမြို့နယ်အတွင်း ရေဝင်နစ်မြုပ်သည့်ကျေးရွာမှ ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်း

နေပြည်တော် စက်တင်ဘာ ၂

စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာအုပ်စု အရှေ့ဆယ်လံကျေးရွာတွင် ရောဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအောက် ၂၀၈၆ စင်တီမီတာသို့ ရောက်ရှိပြီး ကျေးရွာအတွင်းသို့ ရေအမြင့် ခြောက်လက်မမှ လေးပေခန့်အထိ ဝင်ရောက်ခဲ့သည်။

အဆိုပါ အရှေ့ဆယ်လံကျေးရွာရှိ အိမ်ထောင်စု ၂၇၀ အနက် ရေဝင်နစ်မြုပ်ခဲ့သည့် အိမ်ထောင်စု ၁၃၅ စုမှ လူဦးရေ အမျိုးသား ၂၅၆ ဦး၊ အမျိုးသမီး၃၀၁ ဦး၊ စုစုပေါင်း ၅၅၇ ဦးတို့ကို ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် တောင်ဘီကျေးရွာရှိ ကမ္မကျောင်း၊ ရတနာမာန်အောင်ကျောင်း၊ မြသီတာကျောင်း၊ ရွှေကျောင်းနှင့် မြို့ထောင့်ကျောင်းများသို့ ညောင်ဦး မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီရွှေ့ပြောင်းပေးခဲ့ပြီး လုံခြုံရေးနှင့် အခြားလိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ရောဝတီမြစ်ရေမှာ ဆက်လက်မြင့်တက်လျက်ရှိပြီး အရှေ့ဆယ်လံကျေးရွာတွင် စက်တင်ဘာ ၂ ရက် နံနက် ၁၁ နာရီတွင် စိုးရိမ်ရေမှတ် အောက် ၂၀၅၅ စင်တီမီတာသို့ရောက်ရှိနေကြောင်း သိရသည်။

ကိုရဲ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂-၉-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၀၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၉၃၀၀

စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၁၀၀၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၅၅
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိသာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိသာ	၃၀၀၀-၃၈၀၀
၃။	ငါးရံ့	တစ်ပိသာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိသာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိသာ	၅၅၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိသာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိသာ	၄၈၀၀-၉၅၀၀
၈။	ကြက်	တစ်ပိသာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိသာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိသာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိသာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိသာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၉
ဥရောပ	တစ်ယူရို	၁၃၃၅-၁၃၃၈
စင်ကာပူ	တစ်ဒေါ်လာ	၇၇၀-၇၇၉
ထိုင်း	တစ်ဘတ်	၃၁.၂-၃၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၂
တရုတ်	တစ်ယွမ်	၁၆၀-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဒီယာအသစ်)	တစ်အိတ်	၁၇၈၀၀-၁၈၀၀၀
ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၂၂၅၀၀-၂၃၀၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၇၀၀၀-၃၁၀၀၀
မြေပဲဆီ	တစ်ပိသာ	၃၈၀၀
စားအုန်းဆီ	တစ်ပိသာ	၁၃၄၀
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိသာ	၂၂၅-၅၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိသာ	၁၄၀၀-၁၈၅၀
ကြက်သွန်ဖြူ(ကြေကုတ်)	တစ်ပိသာ	၁၄၅၀-၁၄၇၅
အာလူး(ရှမ်း)	တစ်ပိသာ	၃၇၀-၇၀၀
ရေတာ်ရှည် (မိုးထောင်)	တစ်ပိသာ	၂၄၀၀-၂၄၅၀
ရေတာ်ပွ (စိမ်းစား)	တစ်ပိသာ	၄၀၀၀-၄၆၀၀
သကြား	တစ်ပိသာ	၉၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

အပူလွန်ကဲပြီး မီးလောင်

ရန်ကုန် စက်တင်ဘာ ၂

ဗိုလ်တထောင်မြို့နယ် (၉)ရပ်ကွက်ရှိ ဗိုလ်မြတ်ထွန်းဟိုတယ်၌ စက်တင်ဘာ ၁ ရက် ည ၈ နာရီ ၃၅ မိနစ်က ဟိုတယ်မြေညီထပ် ဓာတ်လှေကားအနီးရှိ လျှပ်စစ်ဒါးမိန်းမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ပြီး မီတာဘောက်နှစ်လုံး၊ ဒါးမိန်းလေးခုတို့ကို ကူးစက်လောင်ကျွမ်းခဲ့ပြီး မီးသတ်ယာဉ်များနှင့် ပတ်ဝန်းကျင်မှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့၍ ည ၈ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှု ဖြစ်ပွားခဲ့သည့်အတွက် ဟိုတယ်မန်နေဂျာကို ဗိုလ်တထောင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **စိုးဝင်း(SP)**

အမျှားပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာကေတခေတ်အားခွဲရုံ၏ 66 KV သာကေတ-ကျိုက္ကဆံ ဓာတ်အားလိုင်းအား ၄-၉-၂၀၁၄ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဓာတ်အားပိတ်၍ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် မြင်းပြိုင်ကွင်းလမ်းရှိ ကညနခြံဝင်းနှင့် အမှတ်(၁၉၂) ကြားရှိ ညောင်ပင်သည် အန္တရာယ်ရှိသည့်အခြေအနေတွင် ရှိနေပါသဖြင့် သစ်ပင်သစ်ကိုင်းများခုတ်ရှင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းဆောင်ရွက်ခြင်းကြောင့် 66 KV သာကေတ-ကျိုက္ကဆံ ဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးထားသော သယ်နှင်းကျွန်းမြို့နယ်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ တာမွေမြို့နယ်နှင့် ဗဟန်းမြို့နယ်များတွင် ၄-၉-၂၀၁၄ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ သုံးနာရီကြာ ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။ ဓာတ်အားပြတ်တောက်မှုကြောင့် ပြည်သူများမှ လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်နိုင်ပါရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူတို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဧဝေအေအမိန့်-၅၅၊ နည်းဥပဒေ-၂၀)

အောင်မြေသာစံမြို့နယ်တရားရုံးတော်

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၇

ဦးထွန်းဝင်း နှင့် ၁။ ဦးအိုက်ပေါင်း
၂။ ဦးလှပြည့်
၃။ ဒေါ်မြင်ယ်

တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၃၂×၃၃)လမ်းကြား၊ (၇၄×၇၅)လမ်းကြားနေ ဦးအိုက်ပေါင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် ၇၂၊ ဦးပိုင်အမှတ် ၁-၀၊ မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အဖိုပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်စိုးညွှန့်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
အောင်မြေသာစံမြို့နယ်တရားရုံး

တေဇ(၂၄) ကျောင်းဆင်းအရာရှိများသို့ ဖိတ်ကြားလွှာ

တေဇ(၂၄)ကျောင်းဆင်းအရာရှိများ၏ (၁၇)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလှူဒါနပြုပြီး သေဆုံး/ကျဆုံး သူငယ်ချင်းများအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းနှင့် မိသားစုမိတ်ဆုံညစာစားပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများ တက်ရောက်ကြပါရန် ရင်းနှီးခင်မင်စွာ ဖိတ်ကြားအပ်ပါတယ်-

အလှူဒါနပြုလုပ်ခြင်းနှင့် ဆရာများအား ကန်တော့ခြင်း ၁၃-၉-၂၀၁၄ရက် နံနက် ၁၀နာရီ - ရွှေဘုန်းရိပ် ပရိယတ္တိစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရဟန်းသာမဏေများအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဌေပဒေသာပင်လှျှဒါန်းခြင်း နှင့်ဆရာများအားကန်တော့ခြင်း

မိတ်ဆုံညစာ စားသုံးခြင်း ၁၃-၉-၂၀၁၄ရက် ညနေ ၅နာရီ ဆက်သွယ်ရန်- - ကုန်းမြင့်သာစားသောက်ဆိုင်

ရန်ကုန် လွင်ဦး ဖုန်း-၀၉-၇၃၀၃၀၀၆၊ ကျော်သူရ ဖုန်း-၀၉-၇၃၁၄၃၅၅
ဝင်းထွေးအောင် ဖုန်း-၀၉-၄၃၁၀၆၃၂၈
မန္တလေး လှိုင်ချိုဦး ဖုန်း-၀၉-၅၂၈၀၂၀၇၊ မြတ်သူအောင် ဖုန်း-၀၉-၂၀၀၀၁၇၉
နေပြည်တော် အောင်မြတ်သူ ဖုန်း-၀၉-၅၀၂၄၈၉၅

တေဇ(၂၄)

အကျားသိစေရန်ကြေညာချက်

ကျွန်မဒေါ်ဥမ္မာလှိုင်သည် ခင်ပွန်းဖြစ်သူ ဦးမြင့်ကိုကိုအပေါ် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ် ၈၆/၂၀၁၄ ဖြင့် လင်မယားကွာရှင်းပြတ်စဲပြီး ပစ္စည်းခွဲဝေပေးစေလိုမှုကို စွဲဆိုထားပါသည်။ ယင်းအမှု၌ နှစ်ဦးပိုင်ပစ္စည်းစာရင်း၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းစာရင်း၌ အမှတ် ၂၅၊ တွံတေးကားလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့နယ်ရှိ အိမ်နှင့်မြေအား ပစ္စည်းခွဲဝေပေးသည့်စာရင်း၌ ထည့်သွင်းဖော်ပြ တရားစွဲဆိုထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ဥမ္မာလှိုင်
၁၂/ဒလန(နိုင်)၀၀၀၁၁၉
အမှတ် ၂၅၊ ဒလတွံတေးကားလမ်း၊
တပင်ရွှေထီးရပ်ကွက်၊ ဒလမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)တွင် အသုံးပြုမည့် Desktop Computer (Intel Core i5 3.0 GHz (4460) Processor ASUS H81-ME (1150/DDR3) (Motherboard 4DDR3 RAM (PC 1333MHz) 500GB SATA HDD, HDD Fan 24xDVD-Writer (ASUS) SATA USB Keyboard & Mouse, 18.5" LED Monitor, Mouse Pad, UPS (650 VA), A4 Tech Speaker များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃-၉-၂၀၁၄ရက်မှ ၅-၉-၂၀၁၄ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း ရုံးအမှတ် ၃၅၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်)ဖုန်း-၀၆၇-၄၀၈၃၉၄ နှင့် ၀၆၇-၄၀၈၄၅၉ တို့တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၉-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီမှ ၁၁း၀၀နာရီအတွင်း သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်) ရုံးအမှတ် ၃၅ရှိ တင်ဒါရွေးချယ်ရေးအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

တင်ဒါရွေးချယ်ရေးအဖွဲ့

ဖခင်အမည်မှန် ကောင်းမြတ်သာ ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော မချိုဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးမန်တိုလူလေး ၆/လလန(နိုင်) ၀၀၄၉၆၇ ဖြစ်ပါသည်။



ပျောက်ဆုံးကြောင်း

ကျွန်တော်အောင်သန်းဦး ၁၂/အစန(နိုင်) ၁၆၇၇၈၄ နှင့် ကျွန်မဒေါ်စီစီသိန်း ၁၂/အစန(နိုင်)၀၀၄၄၈၀ တို့၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၅၇၁၉၄

စပိန်၊ ပြင်သစ်၊ ဒိန်းမတ်တို့ နိုင်ပွဲရမယ့် ခြေစစ်ပွဲတွေ

မိုးမြင့်လင်းလက်

ဒီတစ်ပတ်မှာ ခြေစမ်းပွဲ၊ ခြေစစ်ပွဲတွေနဲ့ ပရိသတ်အကြိုက်ဖြစ်စေမယ့် အစီအစဉ်တွေကြောင့် စိတ်လှုပ်ရှားစရာ ကောင်းနေဦးမှာပါ။ လာမယ့် စက်တင်ဘာ ၄ ရက်နဲ့ ၅ ရက်တွေမှာ ယူရို ၂၀၁၅ ယူ-၂၁ ခြေစစ်ပွဲတွေ ယှဉ်ပြိုင်ကြမှာမို့ လူငယ်တွေပီပီ တက်ကုန်ရွက်ကုန်ဖွင့်ကြမှာ ဖြစ်တာကြောင့် ပရိသတ်တွေအတွက် ပွဲကောင်းတွေက စောင့်ကြိုနေပြန်ပါတယ်။

ကာဇက်စတန်နှင့် ပြင်သစ်

ခြေစွမ်းအကောင်းဆုံး ပုံစံရရှိနေတဲ့ ပြင်သစ်တို့ဟာ ဥရောပ ယူ-၂၁ ခြေစစ်ပွဲကို အုပ်စု (J)မှာ အုပ်စုပထမနဲ့ အောင်မြင်နေပြီဖြစ်တဲ့ အသင်းဖြစ်ပါတယ်။ ဒီပွဲဟာ ပြင်သစ်အတွက် အရေးမကြီးပေမယ့် အုပ်စုဒုတိယနေရာရပ်တည်ပြီး ခြေစစ်ပွဲအောင်ဖို့ ကာဇက်စတန်တို့ အကြိတ်အနယ် ရုန်းကန်ရပါလိမ့်မယ်။ ပြင်သစ်နဲ့ကာဇက်စတန်တို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့နေရာမှာ ပြင်သစ်တို့က ဂိုးပြတ်ချည်းနိုင်ပွဲရခဲ့ပါတယ်။ ကာဇက်စတန်တို့အတွက် နိုင်ပွဲရဖို့ ခက်ခဲမယ့်ပွဲဖြစ်ပြီး ပြင်သစ်တို့ပဲ နိုင်ပွဲဆက်ပါလိမ့်မယ်။

ဟော်လန်နှင့် ဂျော်ဂျီယာ

အုပ်စု ပထမနေရာအတွက် ဟော်လန်တို့ ခြေကုန်ထုတ်ရမယ့်ပွဲပါ။ အုပ်စု (C) မှာ ဟော်လန်တို့ ခြောက်ပွဲကစား ငါးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ၁၆ မှတ်ရပြီး ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ တိုက်စစ်ပိုင်းကောင်းမွန်သလို ခံစစ်ပိုင်းလည်း ကျစ်လျစ်တဲ့ ဟော်လန်လူငယ်တွေကို ဂျော်ဂျီယာတို့ မလွှမ်းမိုးနိုင်ပါဘူး။ ဂိုးမပြတ်အောင် အာရုံစိုက်ရမှာပါ။

ဟန်ဂေရီနှင့် စပိန်

အုပ်စု (D) မှာ ရှုံးပွဲ၊ သရေပွဲ မရှိဘဲ နိုင်ပွဲတွေချည်းရယူထားတဲ့ စပိန်လူငယ်အသင်းရဲ့ ခြေစွမ်းက ထက်မြက်လွန်းပါတယ်။ ခြောက်ပွဲကစား၊ ၂၂ ဂိုးသွင်းယူထားတဲ့ စပိန်အသင်းဟာ ခံစစ်ပိုင်းလည်း ကောင်းမွန်တာမို့ဟန်ဂေရီတို့ အကျပ်အတည်း တွေ့ပါလိမ့်မယ်။ ခြေစစ်ပွဲအောင်ဖို့ မရေရာတဲ့ ဟန်ဂေရီဟာ ဒီပွဲနိုင်မှ ဖြစ်မှာကြောင့် အခြေအနေ မကောင်းနိုင်ပါဘူး။

ယူကရိန်းနှင့် ဆွစ်ဇာလန်

အုပ်စု (E) မှာ အုပ်စုဒုတိယနေရာကို အပြိုင်လုရမယ့်ပွဲ ဖြစ်ပါတယ်။ ယူကရိန်းဟာ လက်ရှိ အုပ်စုဒုတိယနေရာမှာ ဆွစ်ဇာလန်နဲ့ တစ်မှတ်အသာရပြီး ရပ်တည်နေပါတယ်။ နိုင်တဲ့အသင်းခြေစစ်ပွဲအောင်ဖို့ ရှိနေတာကြောင့် အကြိတ်အနယ်နွဲ့ရမယ့်ပွဲပါပဲ။ တိုက်စစ်ပိုင်းမှာ မကွာပေမယ့် ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ယူကရိန်းတို့ အလေးထားကစားရမယ့်ပွဲ ဖြစ်ပါတယ်။

ဒိန်းမတ်နှင့် ရုရှား

အုပ်စု (B) မှာ အကောင်းဆုံးပြိုင်ဘက်တွေ တွေ့ဆုံမယ့်ပွဲပါ။ ဒီနှစ်သင်းတွေ့ဆုံသမျှ နောက်ဆုံးသုံးပွဲမှာ ဒိန်းမတ်တို့ အသာစီးရခဲ့တာချည်းဖြစ်ပါတယ်။ ပထမအကျော့ ရုရှားအိမ်ကွင်းမှာ နှစ်ဂိုးပြတ်နဲ့ ဒိန်းမတ်တို့ အနိုင်ယူထားခဲ့တာမို့ အခုပွဲမှာလည်း အဝေးကွင်းမှာ မျှော်လင့်လို့မရတဲ့ ပွဲပါ။ ဒါပေမယ့် အုပ်စုပထမအဖြစ် တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့အတွက် ရုရှားရဲ့ ရုန်းထမှုအပေါ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

နယ်သာလန်နောက်တန်းလူ ဘလိုင်းအား မန်ယူက ပေါင် ၁၃ သန်းကျော်ဖြင့် ခေါ်ယူ

မန်ယူက ဒတ်ချ်ဘောလုံးသမား ဒလေးဘလိုင်းအား အိုင်းယက်စ်အသင်းမှ ပေါင် ၁၃ ဒသမ ၈ သန်းဖြင့် ခေါ်ယူစာချုပ်လိုက်သည်။ အသက် ၂၄ နှစ်ရှိ ဘလိုင်းအား မန်ယူက လေးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။

ၫင်းသည် မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်၏ ကမ္ဘာ့ဖလားအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ ဘလိုင်းသည် ဝဲနောက်တန်းနှင့် ကွင်းလယ်ကစားနိုင်သူဖြစ်သည်။

"ကျွန်တော်ဗန်ဟားလ်ရဲ့ မန်ယူအသင်းမှာ ပါဝင်ကစားဖို့ စောင့်မနေနိုင်တော့ပါဘူး"ဟု ၫင်းက မန်ယူဝက်ဘ်ဆိုက်သို့ ပြောသည်။ နယ်သာလန်လက်ရွေးစင် ကစားသမား ဘလိုင်းသည် နယ်သာလန်အသင်းနှင့်အတူ ပွဲပေါင်း ၁၉ ပွဲ ပါဝင်ကစားခဲ့ပြီး တစ်ဂိုးသွင်းယူပေးထားသည်။

ဖယ်ကာအို မန်ယူရောက်ပြီ

မန်ယူက ကိုလံဘီယာတိုက်စစ်မျှား ရာဒမဲလ်ဖယ်ကာအိုအား မိုနာကိုကလပ်မှ ပေါင်ခြောက်သန်းဖြင့် အငှားခေါ်ယူလိုက်သည်။ အသက် ၂၈ နှစ်ရှိ တိုက်စစ်မျှားဖယ်ကာအို သည် မိုနာကိုကလပ်တွင် ပွဲ ၂၀ ပါဝင်ကစားခဲ့ရာ ၁၁ ဂိုး သွင်းယူပေးခဲ့သည်။

ယခုနှစ်ရာသီ သုံးပွဲတွင် နှစ်ဂိုးသွင်းထားသည်။ ဖယ်ကာအိုအား နွေရာသီက ပြင်သစ်ကလပ် မိုနာကိုမှခေါ်ယူနိုင်ရန် မန်ယူက ကြိုးစားခဲ့ဖူးသည်။

ကောင်းမြတ်သူ
စုစည်းသည်

နိုင်ငံတကာဒေါ်လာ

ခြေစမ်းပွဲစဉ်နှင့် လာလီဂါရပ်တည်မှု (သီဟ)

ကလပ်ခြေစမ်းပွဲစဉ်			စက်တင်ဘာ ၄
ဗီလာရီးရဲလ်	-	ဆဲလ်တစ်	နံနက် ၁း၁၅
နိုင်ငံတကာခြေစမ်းပွဲစဉ်များ			**စက်တင်ဘာ ၃/၄**
ရုရှား	-	အဇာဘိုင်ဂျန်	ည ၉း၃၀
လစ်သူယေးနီးယား	-	ယူအေအီး	ည ၁၁း၀၀
ယူကရိန်း	-	မော်ဒိုဗာ	ည ၁၁း၃၀
လတ်ဗီးယား	-	အာမေးနီးယား	ည ၁၁း၄၅
ဒိန်းမတ်	-	တူရကီ	နံနက် ၀၀း၃၀
မော်ရိုကို	-	ကာတာ	နံနက် ၀၀း၃၀
ချက်ဇ်	-	အမေရိကန်	နံနက် ၀၀း၄၅
ဂျာမနီ	-	အာဂျင်တီးနား	နံနက် ၁း၁၅
အိုင်ယာလန်	-	အိုမန်	နံနက် ၁း၁၅
အင်္ဂလန်	-	နော်ဝေ	နံနက် ၁း၃၀

စပိန်လာလီဂါ ပွဲစဉ်ရပ်တည်မှု ၈ယား

ဘုရားပွဲတွင် သြဂုတ် ၂၆ နှင့် ၂၇ ရက်က စာရေးဆရာများဖြစ်သော ဆရာကြည်မင်း၊ ဆရာမျိုးသူရ၊ ဆရာမနုနုရည်(အင်းဝ)နှင့် ရုပ်ရှင်သရုပ်ဆောင် ဆွေဇင်ထိုက်တို့က စာပေရေးရာနှင့် လူမှုကူညီရေးအကြောင်းအရာများ ဟောပြောပွဲကို ကျင်းပခဲ့ပြီး သြဂုတ် ၂၉ တွင် သီတဝူစတားဆရာတော် အရှင်ပညာနန္ဒ၏ တရားပွဲ၊ သြဂုတ် ၃၁ တွင် သီတဝူဆရာတော် အရှင်ဥာဏာသရ၏ တရားပွဲနှင့် စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဇာတ်ပွဲများ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး စက်တင်ဘာ ၃ရက်တွင် ပင့်သံယာ အပါး ၅၅၀ အား ဆွမ်းလောင်းလှူပွဲနှင့် သီလရှင်များအား ဝတ္ထုဒွေများ လှူဒါန်းပွဲတို့ကို ဆက်လက်ကျင်းပမည်ဟုသိရသည်။

လေးကျွန်းမာန်အောင် ဘုရားပွဲနှင့်အတူ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ ဦးဆောင်စီမံမှုဖြင့် သောတာပန်ရပ်ကွက် အလှူပွဲကိုပြုလုပ်ခြင်းဖြစ်ပြီး သြဂုတ် ၃၀ နှင့် ၃၁ ရက်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါလှူဒါန်းပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မိသားစုများ တက်ရောက်ခဲ့ကြသည်။ သြဂုတ် ၃၀ ရက် တွင် စစ်ကိုင်းတောင်ရိုးမှ သုဓမ္မာဆရာတော် အပါး ၅၂၀၀ ကျော်နှင့် သီလရှင်အပါး ၃၁၀၀ ကျော်၊ သြဂုတ် ၃၁ ရက်တွင် စစ်ကိုင်းတောင်ရိုးမှ ရွှေကျင်ဆရာတော်အပါး ၃၅၀၀ကျော်နှင့် သီလရှင် အပါး၂၇၀၀ ကျော်တို့အား ဆန်၊ ဆီ၊ ဆေး၊ ဆားများကို လှူဒါန်းခဲ့သည်။ စစ်ကိုင်းမြို့ လေးကျွန်းမာန်အောင်ဘုရားပူဇော်ပွဲကို နှစ်စဉ်ကျင်းပပြီး စစ်ကိုင်းမြို့၌ ကျင်းပသည့် ဘုရားပွဲများတွင် အချိန်အကြာဆုံးကျင်းပသော ဘုရားပွဲဖြစ်ကာ အစည်ကားဆုံးလည်း ဖြစ်ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ကျောင်းမုန့်စားဆောင်နှင့် လူသွားလမ်းများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၅) ရပ်ကွက်ရှိ အမှတ် (၁၃) အလယ်တန်းကျောင်းအတွက် ကျောင်းသား ကျောင်းသူများ သွားလာမှုလွယ်ကူစေရန် (၉ x ၄၅၀) ပေ နှင့် အမြင့် ၆ လက်မရှိ ကွန်ကရစ်ခင်းလမ်းနှင့် ပေ (၂၀ x ၄၀) အကျယ်ရှိ အုတ်ပတ်၊ သွပ်မိုး၊ ခန်းပွင့်၊ အမြင့် ၄ ပေရှိသော မုန့်စားဆောင်ကို ရပ်ကွက်အတွင်းမှ အလှူရှင်တစ်ဦးက ဆောက်လုပ်လှူဒါန်းခဲ့ရာ သြဂုတ် ၃၁ ရက်တွင် အဆိုပါ နွယ်နီလမ်းနှင့် စာသင်ကျောင်းမုန့်စားဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရပ်ကွက်အတွင်း မိုးရာသီတွင် သွားလာမှုခက်ခဲလျက်ရှိသော လမ်းခြောက်လမ်းကို စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့သော အလှူရှင်ကိုမင်းဝေက ရပ်ကွက်ပြည်သူများ အမှန်တကယ် လိုအပ်လျက်ရှိနေကြောင်း၊ ငွေကြေးတတ်နိုင်သူများ ပရဟိတ စိတ်ဓာတ် တိုးပွားနိုင်ကြလာစေရန် ရည်ရွယ်၍ ဤသို့တတ်နိုင်သည့်ကဏ္ဍမှ ဝိုင်းဝန်းလုပ်ဆောင်နေခြင်း ဖြစ်ကြောင်း၊ ရဟန်းသံဃာနှင့်အများ ပြည်သူ သွားလာသမျှ ခက်ခဲနေသော ပိတောက်လမ်းမကိုလည်း ခင်းကျင်းလှူဒါန်းရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ အကြံပေးဗိုလ်မှူးကြီးကျော်ဌေး၊ ကရင်ပြည်နယ် ဘီးလင်း၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ရေး အဖွဲ့မှ ဦးစောထူးဝေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ရပ်ကွက်ပြည်သူတို့နှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(၁၆၄)**

မုန့်များနှင့် အိုင်အိုဒင်းဆားများ အရည်အသွေးကွင်းဆင်းစစ်ဆေး

နောင်ချို စက်တင်ဘာ ၂

နောင်ချိုမြို့နယ် မြို့မဈေးကြီး အတွင်းရောင်းချနေသော ပြည်ပမှတင်သွင်းသည့် မုန့်များနှင့် အိုင်အိုဒင်းဆားများအား အရည်အသွေး ပြည့်မီမှု ရှိ မရှိနှင့် ပြည်သူများ စားသုံးရန် သင့်မသင့်တို့ကို မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ သြဂုတ် ၃၁ ရက်က စစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်း၊ အတွင်းရေးမှူး ဦးလှမြင့်နှင့် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးဒီတူးနံ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှအဖွဲ့ဝင်များ၊ မြို့မဈေးတာဝန်ခံ ကော်မတီနှင့် ဈေးကြီးကြပ်မှု ကော်မတီဝင်များပူးပေါင်း၍ စစ်ဆေးခဲ့ကြခြင်းဖြစ်ပြီး အများပြည်သူ စားသုံးရန်မသင့်သော ဆိုးဆေးပါဝင်သည့် အစားအစာများ၊ ရက်လွန် အစားအစာများ၊ ပါဝင်ပစ္စည်းအညွှန်း မပြည့်စုံသည့် အစားအစာများရောင်းချနေမှု ရှိ မရှိနှင့် အိုင်အိုဒင်းဆားများ အရည်အသွေး ပြည့်ဝမှု၊ အိုင်အိုဒင်း ပါဝင်မှုပမာဏတို့ကို စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နောင်ချို မြို့ဈေးများတွင် တစ်ဖက်နိုင်ငံထုတ် မုန့်နှင့် စားသောက်ကုန်များ ဈေးကွက် ကျယ်ပြန့်စွာ ရရှိလျက်ရှိကြောင်း သိရသည်။

(၀၆၁)

ဘိုးဘွားများအား စားသောက်ဖွယ်ရာနှင့် အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးပြုလုပ်သည့် အရန်သားဖွားသင်တန်းဖွင့်ပွဲ၊ ခြင်ထောင်၊ ခြင်ထောင်စိမ်ဆေးပြားများ ထောက်ပံ့ပေးအပ်ပွဲနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ ဓမ္မရိပ်သာခန်းမ ဆောင်၌ သြဂုတ် ၃၁ရက်က ကျင်းပခဲ့သည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကဒေါ်ခင်သက်ဌေးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် တောင်ပိုင်းခရိုင်အနောက်ခြမ်း ၀ါးမြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်များမှမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များက မိဘဂုဏ်ဘိုးဘွားရိပ်သာရှိ အဘိုး၁၅ ဦးနှင့် အဘွား ၁၈ ဦးအား စားသောက်ဖွယ်ရာများနှင့် တစ်ဦးလျှင် အလှူငွေကျပ် ၁၃၀၀၀ စီ ပူဇော်ကန်တော့ကြသည်။

ထို့နောက် အရန်သားဖွားသင်တန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာကြည်အောင်က အရန်သားဖွားသင်တန်းဖွင့်ရခြင်းနှင့် ကျန်းမာရေးအသိပညာအကြောင်း ပြောကြားခဲ့သည်။ ဆက်လက်ပြီး ဒေါ်ခင်သက်ဌေးက သင်တန်းစရိတ်ထောက်ပံ့ငွေကျပ် ခုနစ်သိန်းနှင့် သင်တန်းသူ ၂၀ အတွက် ဝတ်စုံများ ထောက်ပံ့ခြင်း၊ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် ကျပ် ၀၁သိန်းလှူဒါန်းခြင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များသို့ ခြင်ထောင်အလုံး ၁၀၀၀ နှင့် ခြင်ထောင်စိမ်ဆေးပြားများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ခြင်ထောင်ဆေးစိမ်ခြင်းကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

နိုင်ငံတစ်လျှောက်တွင် အရက်လုပ်ကိုင်နေကြသော လူငယ်များက ဒွန်ဂိုင်းမှတစ်ဆင့် ပေးပြန်းထားသော
အရှင်ကောမရ(သန်နီနေးမင်း)၏ ဓမ္မအမေးအဖြေများ ဓမ္မသောင်းပါးများအား ရုစုပ်ဝင်သက်ထားပါသည်။
ဓမ္မဒါနပြုရန်သူများအား အထူးနှမ်းခြင့် စီစဉ်ဆောင်ရွက်ပေးပါမည်။

ဆုပြည့်စုံထွန်းတေ

ဖခင်အမည်မှန်

မိုးမောက်မြို့နယ်၊ အထကခွဲ(ကြီခင်း)ကျောင်း၊ ဆဋ္ဌမတန်းမှ မောင်တင်ထွန်းအောင်နှင့် ဒုတိယတန်းမှ မောင်တင်မင်းခန့်တို့၏ ဖခင်အမည်မှန်မှာ ဦးသက်ဘိုဟန် ၁၁/ဂမန(နိုင်)၀၅၃၉၃၁ ဖြစ်ပါသည်။

ဦးသက်ဘိုဟန်၊ မိုးမောက်မြို့နယ်

အများသိစေရန်ကြေညာခြင်း

သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင်(၁၀)လမ်း၊ အမှတ်(D ၊၁၃) ဦးသောင်းမြင့် အမည်ပေါက် ပေ(၂၀×၆၀)ခြံမြေအား ဒေါ်စန်းဝင်း ၁၂/ဥကမ(နိုင်)၀၇၁၉၄ မှ ဝယ်ယူခဲ့ပြီးယင်းခြံမြေ၏ စလစ်ပြား၊ ပြေစာမူရင်းများဝယ်စဉ်ကတည်းက ပျောက်ဆုံးနေပါကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်တင်တင်လှ(သန်လျင်)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၃၀၇၃၄၆

အာစရိယပူဇော်ပွဲ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ အထက(၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၈-၁၂-၂၀၁၄ ရက်(တနင်္ဂနေ့) နံနက် ၉ နာရီတွင် အထက(၁)ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ပါသည်။ ရပ်ဝေး၊ ရပ်နီးနေ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ပူဇော်ပွဲကြီးသို့ တက်ရောက်ပူဇော်နိုင်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

သက်ပြည့်ပင်စင်စား ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်စာရင်းပေးကြပါရန်နှင့်

ဆက်သွယ်လှူဒါန်းရန်-
ကိုကိုဦး(နဒီလှိုင်း) ဖုန်း-၀၉-၂၀၂၅၄၃၀
ကိုသိန်းထွန်းအေး(ခ)ကိုအေး (စိန်နှင့်မြ) ဖုန်း-၀၉-၂၀၁၅၄၂၁
ကိုသက်နိုင်စိုး (ကိုသက် KSE) ဖုန်း-၀၉-၉၃၀၃၁၃၃၃
ကိုအောင်ကျော်မိုး ဖုန်း-၀၉-၄၃၀၀၃၀၉၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၃၇၄၀ Zong Shen 110 M/C ယာဉ်လက်ယမ်းရှိသူ ဦးထွန်းထွန်းဦး ၉/မရမ(နိုင်)၀၈၃၇၅၀ (ကမ-၃)ဟောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅အီး၊ မြေကွက်အမှတ် ၂၆B/၁၊ မြေကွက်တည်နေရာအမှတ် ၃၀(က)၊ ဗားဂရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ် C.Ramgas Wamy Moodalliar အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား ခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၃၆၈/၁၂၊ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး တရားမဇာရီမှုအမှတ် ၃၈/၁၄ဖြင့် တရားရုံးကိုယ်စား ဒေါ်စောယုမွန် (ဘိလစ်) ၁၂/သကတ(နိုင်)၁၄၅၃၁၀၇က အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ ကွက်သစ်ရပ်၊ ဦးမြင့်လွင်၏သမီး မဖြူဇင်ဦး၏ ယွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၁၉၉၈ ဖြစ်ပါကြောင်း။

အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ ၄/ရပ်ကွက်၊ ဆဒ္ဒါနိလမ်း၊ အမှတ်(ခ)၂၆ ဦးမောင်မောင်သန်း၏ သားဖြစ်သူ အမည်မှန်မှာ မောင်မြင့်မြတ်စိုး ဖြစ်ပါသည်။ **မောင်မြင့်မြတ်စိုး**

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၅ယ/၀၆၂၆၂၊ LuoJia-110 ယာဉ်အမည်ပေါက်သူ ဦးသိန်းဆွေ ၉/တတ(နိုင်)၀၉၂၁၄၅ က(ကမ-၃)ဟောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(ခရိုင်ရုံး)၊ ကျောက်ဆည်

ပြည်တွင်းသတင်းနှင့်ကြေငြာ

ဧရာဝတီတိုင်းဒေသကြီး ဗုသိမ်ခရိုင် ရေကြည်မြို့နယ်ရှိ ကရုဏာရှင်လူမှုကူညီရေးအသင်းရုံး၏ လူမှုကူညီရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်တစ်စီးဝယ်ယူရေးအတွက် ထောက်ပံ့လှူဒါန်းခွေကျပ် ၁၅ သိန်းကို ရေကြည်မြို့ အောင်ဆန်းရပ်ကွက်နေ ဦးကြွေမိသားစုက သြဂုတ် ၃၁ ရက်က ပေးအပ်လှူဒါန်းစဉ်။ မင်းဇော်ဦး(ရေကြည်)

ထိုင်းနိုင်ငံ မယ့်ဖားလုံတက္ကသိုလ်ပညာရေးပြပွဲ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ စက်တင်ဘာ ၂

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ့်ဖားလုံတက္ကသိုလ် ပညာရေးပြပွဲ ၂၀၁၄ ကို ကျိုင်းတုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမဆောင်၌ သြဂုတ် ၃၀ ရက်က ကျင်းပခဲ့သည်။

ပြပွဲကို ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်များက တေးသီချင်းများဖြင့် ဖျော်ဖြေဖွင့်လှစ်ပြီး ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေနှင့် ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး(ရုံးခွဲ)မှ ဒုတိယ ပြည်နယ်ညွှန်ကြားရေးမှူး ဦးစိန်ဌေးတို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးထွန်းအေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ထိုင်းနိုင်ငံ မယ့်ဖားလုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် Dr.Romyen Kasaikanont က မိတ်ဆက်စကားပြောကြားကာ ဒုတိယပါမောက္ခချုပ်က မယ့်ဖားလုံတက္ကသိုလ်တွင် သင်ကြားပေးသည့် ဘာသာရပ်များနှင့် သင်ကြားရေးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများကို ပညာသင်စရိတ်များ ထောက်ပံ့ပေးမှု အခြေအနေများကို လည်းကောင်း၊ တက္ကသိုလ်မှဘွဲ့ရရှိသူများအား အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေးနိုင်မှုကို လည်းကောင်း၊ မယ့်ဖားလုံတက္ကသိုလ်၌ တက်ရောက်သင်ယူနိုင်မည့် အခွင့်အလမ်းများကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မယ့်ဖားလုံတက္ကသိုလ် နည်းပြဆရာ ဆရာမများက ၎င်းတို့တာဝန်ယူ သင်ကြားပေးရသည့် ဘာသာရပ်ဆိုင်ရာ စီမံခန့်ခွဲမှု၊ ကျန်းမာရေးသိပ္ပံ၊ စိုက်ပျိုးမွေးမြူရေး၊ အလှကုန်ပစ္စည်းသိပ္ပံ၊ သတင်းအချက်အလက်နည်းပညာ စသည့် ကျောင်းများအလိုက် သင်ကြားပြသမှု နည်းစနစ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဓာတုဗေဒနှင့် ရူပဗေဒဘာသာရပ်၊ ဓာတ်ခွဲခန်းသုံး ဆက်စပ်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်များကို ထိုင်းနိုင်ငံ မယ့်ဖားလုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ပညာရေးပြပွဲ တက်ရောက်သူများက လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ပြပွဲသို့ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေ၊ ကျိုင်းတုံတက္ကသိုလ်မှ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမေရီသိမ်းနှင့် ပါမောက္ခ ဌာနမှူးများ၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး(ရုံးခွဲ)မှ ဒုတိယပြည်နယ်ညွှန်ကြားရေးမှူး ဦးစိန်ဌေးနှင့် တာဝန်ရှိသူများ၊ ကျိုင်းတုံဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်၊ မယ့်ဖားလုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်Dr. Romyen Kasaikanont ဦးဆောင်သည့် နည်းပြဆရာ ဆရာမများ ပါဝင်သော ၁၁ ဦးအဖွဲ့နှင့် ကျောင်းသူကျောင်းသားများ တက်ရောက်ခဲ့ကြသည်။ **မြင့်မိုရ်(တာချီလိတ်)**

ပြောင်းဖူးအူတိုင်များ လောင်စာအဖြစ် အစားထိုးသုံး

ဖြင်ဦးလွင် စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း သဘာဝသစ်တောများ ပြုန်းတီးမှုရှိလာခြင်းနှင့် သဘာဝသစ်တောများ ထိန်းသိမ်းမှုအားနည်းနေခြင်း သစ်တောများအတွင်း ဝင်ရောက်ကျူးကျော်ခုတ်ထွင်နေမှုပြုလုပ်နေခြင်းကြောင့် လောင်စာအဖြစ် အသုံးပြုနေသည့် ထင်းများရှားပါးမှုရှိလာရာ ဖူးစားပြောင်းအူတိုင်များကို အခြောက်လှန်း၍ လောင်စာအဖြစ် အသုံးပြုလာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတစ်ဝန်း၌ ဖူးစားပြောင်းများ အများအပြား စိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းစိုက် တောင်သူများသည် မိရိုးဖလာဖူးစားပြောင်းများ မစိုက်ပျိုးကြတော့ဘဲ ဝင်ငွေတိုးသည့် နိုင်ငံခြားမှ တင်သွင်းလာသော ထိုင်ဝမ်မျိုးဖူးစားပြောင်းများ ပြောင်းလဲစိုက်ပျိုးလာသည်ကို တွေ့ရှိရပြီး ပြောင်းဖူးဆန်များအား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ အိမ်နီးချင်းနိုင်ငံများသို့ ရောင်းချခြင်းဖြင့် ဝင်ငွေကောင်းလျက်ရှိသည်။

ပြောင်းစိုက်ပျိုးခြင်းသည် ဝင်ငွေကောင်းသည့်အပြင် လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများ၊ ထင်းရှားပါးလာသော ကျေးရွာများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝသစ်တောများ ကာကွယ်စောင့်ရှောက်သည့် အနေဖြင့် မိမိတို့ စိုက်ပျိုးထားသည့် ပြောင်းပင်မှ ထွက်ရှိလာသော အစေ့ထုတ်ပြီး ပြောင်းဖူးအူတိုင်များကို စွန့်ပစ်ခြင်းမပြုဘဲ ထင်းအစားထိုးလောင်စာအဖြစ် အသုံးပြုလျက်ရှိကြောင်း သိရသည်။ **(ဝဒ၂)**

ကျောဇီလျှပ်စစ်မြစ်ရေတင် စပါးစိုက်ဧကများ စစ်ဆေး

မြင်းခြံ စက်တင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ရှိ ကျောဇီလျှပ်စစ် မြစ်ရေတင်သို့သွားရောက်၍ မြစ်ရေတင်လုပ်ငန်းမှ စိုက်ခင်းများဆီသို့ ရေတင်ပေးနိုင်မှုအခြေအနေ လျှထားစိုက်ဧကများ အခြေအနေနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်နှင့် တာဝန်ရှိသူများ သြဂုတ် ၃၁ရက်ကကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအင်ဂျင်နီယာမှူး ဦးသိန်းရွှေ၊ ခရိုင်ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ဦးတို့သည် မင်းကြိုကျေးရွာ၊ ကျောဇီကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ မြစ်ရေတင်လုပ်ငန်းမှ ပေးဝေသောရေကို အလေအလွင့်မရှိစေပဲ စနစ်တကျသုံးစွဲရေး၊ ရေခွန်များ အချိန်မီမှန်ကန်စွာပေးသွင်းရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ဦးက ကျောဇီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် လျှထားစပါးစိုက်ဧက ၁၂၀၂ ဧကနှင့် အခြားသီးနှံဖြစ်သော ဆီထွက်သီးနှံ မြေပဲ စိုက်ဧက၅၃ ဧက စုစုပေါင်း ၁၂၅၅ ဧကရှိကြောင်း၊ စိုက်ပျိုးပြီးစီးသော စပါးစိုက်ဧက ၃၆၂ ဧကနှင့် ဆီထွက်သီးနှံ မြေပဲစိုက်ဧက ၅၃ ဧက အထိရှိကြောင်းနှင့် လိုအပ်သည်များကို တင်ပြခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူးက ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

စာတတ်မြောက်ရေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

ညောင်တုန်း စက်တင်ဘာ ၂

ညောင်တုန်းမြို့တွင် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သြဂုတ် ၂၈ ရက်ကကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်း သားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ စာစီစာကုံးရေးသားမှု အရည်အသွေးတိုးတက်စေရန်အတွက်လည်းကောင်း စာစီစာကုံးပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

ချစ်ကြည်ရေးဘောလုံးပွဲယှဉ်ပြိုင်

မန္တလေး စက်တင်ဘာ ၂

အထက်မြန်မာပြည် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းနှင့် တိုင်းစစ်ဌာနချုပ် လက်ရွေးစင်ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် သြဂုတ် ၂၈ ရက်ကကျင်းပခဲ့ရာ တိုင်းစစ်ဌာနချုပ် လက်ရွေးစင်အသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရသွားကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၈)၊ မြေကွက်အမှတ် (၆၃၄)၊ အကျယ်အလန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၆၃၄၊ ရတနာပုံလမ်းနှင့် ခေင်ညိုလမ်းထောင့်၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယဗိုလ်မှူးကြီး ဒေါ်အေးချို ၁၂/မဂဒ(နိုင်)၀၁၄၆၄၄ အမည်ဖြင့် နေထိုင်ခွင့်ချထားပေးသော ပါမစ်မြေကွက်ဖြစ်ပြီး မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင်းဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးထွန်းအောင် ၁၂/တမန(နိုင်)၀၀၉၆၀၅ ထံမှတစ်ဆင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ချို(စဉ်-၆၃၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၆၆/၆၄၊ နတ်ရှင်နောင်လမ်း၊ (၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၈၂၀၆ Sumbo Star M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းလတ် ၉/ပကခ(နိုင်)၀၃၃၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၃၉၀၇၄ ဧောင်ရွမ်း 110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတန် ၅/ရာဘန(နိုင်)၀၆၇၂၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊
ရွှေဘိုမြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သာကေတမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၄

ဦးဟန်တင် နှင့် ၁။ ဦးအစီလန်
၂။ ဒေါ်စန်းကြည်
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာအနော့ဂ် ၇ လမ်း၊ အမှတ် ၂၇၉/ကနေ ဦးအစီလန်နှင့် ဒေါ်စန်းကြည်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးဟန်တင်က ပဋ္ဌိညာဉ်အတိုင်း စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုအား လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၁၀ရက် (၁၃၇၆ခုနှစ် တော်သလင်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်လိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် သြဂုတ် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်ကျော်ဝင်း)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မအူပင်ခရိုင်တရားရုံးတော်
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၉

ဦးမြင့်ကိုး နှင့် ၁။ ဦးဝင်းမြ
၂။ ဦးအေးသွင်
၃။ ဒေါ်ကြည်ကြည်လွင်
တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင်(၂)ဦးအေးသွင်၊ တရားပြိုင်(၃)ဒေါ်ကြည်ကြည်လွင် (အတူနေ လင်မယား) လင်းလွန်းပင်ကျေးရွာ၊ လင်းလွန်းပင်ကျေးရွာအုပ်စု၊ ဓနုဖြူမြို့နယ်၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၆၃ အရ ဝရမ်းကပ်ထားသော ပစ္စည်း၏ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် စက်တင်ဘာ ၂၉ရက် (၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသော စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် သြဂုတ် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှလှဌေး)
ဒုတိယခရိုင်တရားသူကြီး
မအူပင်ခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဃ/၄၄၄၀ Toyota CALDINA ST 210 S/L ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ခိုင်စိုး ၉/တသန(နိုင်)၀၀၈၅၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)

ဌာနဆိုင်ရာနှင့် စီးပွားရေးကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဒီဇယ်ဆီဂါလန်(၃၆၃၀၀၀) အား စီမံကိန်းအရောက်တန်ဖိုး D.D.P(at site)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၂၅-၉-၂၀၁၄ ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံး ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာ ပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ အမှတ်(၁) ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၃)အနီး၊ နေပြည်တော်-တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၃၁၁၊ ၀၉-၂၅၀၃၄၃၃၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၃၁၁

အမှတ်-၂၁၊ ရတနာသိန်းလမ်း၊ မုန့်လုပ်ဆောင်းကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ အိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂စသီ၊ မြေကွက်အမှတ်-၆၆A/၁၄၂၊ အလျား×အနံပေ(၂၅×၅၀)အကျယ်ရှိ နှစ်ဝေ၀ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ညွှန့်ညွှန့်တင် ၁၂/ကတတ(နိုင်)၀၀၄၆၃၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂
အမှတ်-၅၆၁၊ (M.A.C Tower)အခန်း-၃၀၂၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆-ရပ်ကွက်၊ မိုးစန္ဒာ(၃) လမ်း၊ အိမ်အမှတ်(၆၄၂)တွင်နေထိုင်သူ ဦးထွန်းမြင့်၏သားဖြစ်သူ ဦးအောင်မင်း ၁၂/ဗဟန(နိုင်)၀၁၃၇၂၂ ကိုင်ဆောင်သူသည် ကျွန်ုပ်မိတ်ဆွေဖြစ်ပြီး ၄င်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်အနေဖြင့် ဇနီးဖြစ်သူဒေါ်ကြည်အေးနှင့် ပေါင်းသင်းနေထိုင်လာခဲ့ရာ ဒေါ်ကြည်အေးအနေဖြင့် ကျွန်ုပ်အမှုသည်သိရှိခြင်းမရှိဘဲမိမိသဘောဆန္ဒအလျောက် အထက်ပါနေအိမ်မှ အရေးကြီးစာရွက်စာတမ်းများ၊ ရွှေ၊ ငွေလက်ဝတ်လက်စားများနှင့် ဘဏ်စာအုပ်အား ယူဆောင်၍ထွက်ခွာသွားခဲ့ပါသည်။ ဒေါ်ကြည်အေးနှင့် ကျွန်ုပ်အမှုသည်တို့အနေဖြင့် လင်ခန်း၊ မယားခန်းပြတ်စဲခြင်းမရှိသေးသည့်အပြင် ဒေါ်ကြည်အေးယူဆောင်သွားသော ပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးကမ်းခြင်းတို့အားခွင့်မပြုပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်အောင်(LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၂၂၃၃၀)
အခန်းအမှတ်(၁)၊ ရှေ့နေများနေရပ်ခန်း၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၁၃၃၆၆၇

ဦးသီဟလင်း(ခ)ဦးသိန်းထွဋ် ၈/ပခတ(နိုင်)၁၅၂၉၆၂
(MD) BLUE NINE ENGINEERING CO.LTD, (MD)
ARIANMARINE SERVICES CO.,LTD. နှင့်
အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်မဲမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်းမကြီး၊ အမှတ် ၈၈၀(တတိယလွှာ)နေ ဦးဇာနည်ငြိမ်းချမ်း ၆/ဓအရ(နိုင်)၀၀၉၉၅၇၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဧရာ၀တီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ပုသိမ်မြို့အထွက် ကြိုးတံတားအနီး အပြည်ပြည်ဆိုင်ရာ ထရန့်ဂိတ်ဝေးလုပ်ငန်းနှင့် ဆက်စပ်အဆောက်အအုံများ ဆောက်လုပ်သည့် လုပ်ငန်းအတွက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ အမှတ်(A-3)နေ ဦးသီဟလင်း(ခ) ဦးသိန်းထွဋ်(ဘ)ဦးနေလင်းအောင်နှင့် ဦးဇာနည်ငြိမ်းချမ်းတို့သည် BLUE NINE ကုမ္ပဏီအမည်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဦးသီဟလင်းမှ မတည်ငွေကျပ်သိန်း ၁၅၀ထည့်ဝင်ပြီး ၄င်းငွေအား ၃ ကျပ်တိုးနှုန်းဖြင့် လုပ်ငန်းပေါ်မှ လစဉ်အတိုးယူပြီး ကျန်ရှိသည့် အမြတ်ငွေမှ ခွဲဝေပေးမည်ဟူသော နှုတ်ကတိဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းတွင်လည်း ဦးဇာနည်ငြိမ်းချမ်းတစ်ဦးတည်းမှ အပင်ပန်းခံသွားရောက်ကြီးကြပ်ဆောက်လုပ်ခဲ့ကြောင်း၊ ဦးသီဟလင်းနှင့် ဦးဇာနည်ငြိမ်းချမ်းတို့ နှစ်ပတ်တစ်ကြိမ် ကုမ္ပဏီရုံးနန်းတွင် တွေ့ဆုံစာရင်းရှင်းလင်းခဲ့ကြပြီး ဦးသီဟလင်းထည့်ဝင်ငွေအတွက် အတိုးငွေများကို လစဉ် ဦးသီဟလင်း၏ ညီမဖြစ်သူမှတစ်ဆင့် ဦးဇာနည်ငြိမ်းချမ်းမှပေးအပ်ခဲ့ကြောင်း၊ လုပ်ငန်းအခက်အခဲကြောင့် အရှုံးပေါ်မည်ကို ဦးသီဟလင်းမှ ကြိုတင်သိရှိပြီးဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်ရာသို့ လာရောက်ကြည့်ရှုခြင်းမရှိသည့်အပြင် ဆုံးရှုံးသည့်ငွေများကို စိုက်ထုတ်ကုန်ကျခံခဲ့ခြင်းမရှိကြောင်း၊ ဦးဇာနည်ငြိမ်းချမ်းမှ လုပ်ငန်းအရှုံးပေါ်သော်လည်း ဂုဏ်သိက္ခာအရ လုပ်ငန်းပြီးဆုံးသည်အထိ ဆက်လက်စိုက်ထုတ် ကုန်ကျခံဆောက်လုပ်၍ စာရင်းစစ်အဖွဲ့၏စနစ်တကျ စာရင်းဇယားများနှင့်အတူ ဆောက်လုပ်ပြီး အဆောက်အအုံများကို သက်ဆိုင်ရာသို့ လွှဲအပ်ပေးရန် စီစဉ်ထားကြောင်း၊ လုပ်ငန်းအခက်အခဲများကြောင့် အရှုံးပေါ်သည်ကို လုပ်ငန်းအပ်နှံသူနှင့် ဦးသီဟလင်းတို့ သိရှိပြီးဖြစ်သော်လည်း ဦးဇာနည်ငြိမ်းချမ်း၏ ဂုဏ်သိက္ခာကျဆင်းစေရန် ၂၈-၅-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် မမှန်မကန် ထည့်သွင်း ကြေညာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

သို့ပါ၍ ဤကြော်ငြာစာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း သတင်းစာတွင် မမှန်မကန် ထည့်သွင်းကြေညာမှုအတွက် ဦးဇာနည်ငြိမ်းချမ်းအား ဂုဏ်သရေရှိလူကြီးများရှေ့တွင် တောင်းပန်ခြင်း (သို့မဟုတ်) သတင်းစာတွင်ထည့်သွင်းကြေညာတောင်းပန်ခြင်းများပြုလုပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမြင့်ဦး LL.B, D.B.L,D.I.L, WIPO Switzerland — **ဦးမောင်မောင်မျိုးလှိုင် LL.B**
တရားလွှတ်တော်ရှေ့နေ — **အထက်တန်းရှေ့နေ**
အမှတ်(၅၄၂)၊ (B-6)ပန်းဆိုးတန်းလမ်း၊ (မေအရောင်းစင်တာအပေါ်ထပ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၅၁၆၃၃၂၂၊ ၀၉-၄၂၁၀၄၁၇၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုလယ်ယာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက် ဖော်ပြပါစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

	စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	၁။	ကောက်စိုက်စက်	1 Lot

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁-၉-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်၊ ၄:၃၀ နာရီဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုလယ်ယာဦးစီးဌာန
ရုံးအမှတ် (၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၂၄၃

ဆောက်လုပ်ရေးသုံးပစ္စည်းများ
အိတ်ဖွင့်တင်ဒါ ဒုတိယအကြိမ်ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခေါ၀ာမြို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံး ၁လက်မ-၂လက်မကျောက်နှင့် ½ လက်မ-¾ လက်မ ကျောက်များကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါသွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၃-၉-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)
(ခ) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - မြို့နယ်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခေါ၀ာမြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၂-၉-၂၀၁၄ ရက်(သောကြာနေ့)
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၁၃-၉-၂၀၁၄ ရက်(စနေနေ့) နံနက် ၁၀ နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - အင်ဂျင်နီယာမျူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လမြိုင်မြို့

ဖုန်း-၀၉-၄၆၂၆၈၇၇၁

ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါ ဒုတိယအကြိမ်ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သံဖြူဧရပ်မြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံး ၁ လက်မ-၂လက်မကျောက်နှင့် ½လက်မ-¾ လက်မ ကျောက်များကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါသွင်းနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၃-၉-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)
(ခ) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံဖြူဧရပ်မြို့
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၁၂-၉-၂၀၁၄ရက်(သောကြာနေ့)
(ဃ) **တင်ဒါဖွင့်မည့်ရက်** - ၁၃-၉-၂၀၁၄ရက်(စနေနေ့)နံနက် ၁၀ နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - အင်ဂျင်နီယာမျူးကြီးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လမြိုင်မြို့ ဖုန်း-၀၅၇-၇၉၀၁၄

မြေပိုင်ရှင် ဒေါ်အေးသန်း ၁၂/လမန(နိုင်)၀၃၇၀၇၅နှင့် အထက်တန်းရှေ့နေ ဦးတင်အောင်ကြည် (တောင်သုံးလုံး) စဉ်-၃၀၇၂၂တို့၏ ၂၇-၈-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းထားသော အများသိစေရန်ကြော်ငြာနှင့်ပတ်သက်၍ ကန်ထရိုက် ဦးကျော်သူမှ ပြန်လည်ရှင်းလင်းသတိပေးကြော်ငြာ

ကန်ထရိုက်တာ ဦးကျော်သူသည် ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းက ဒေါ်မြသိန်းအမည်ပေါက် အမှတ် ၅၇၉၊ သီရိမြိုင် ၉ လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ် မြေ၏ အဆောက်အအုံဆောက်လုပ်ခွင့် ခွင့်ပြုမိန့်စာတင်လျှောက်ထားခဲ့ပြီး ၁၀-၄-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၇)ရှိ ဌာနမှျား၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အများသိစေရန်ကြေညာချက် စဉ်(၉)တွင် ဆောက်လုပ်ခွင့်လျှောက်ထားကြောင်း အတိအလင်းကြေညာထားသည်ကို ဒေါ်အေးသန်းသိရှိပြီးဖြစ်ပါသည်။ ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်မကျမီ ယခုကဲ့သို့ ၉၀ရာခိုင်နှုန်း ပြီးစီးသည်အထိ ဒဏ်ကြေးပေးသွင်းဆောက်လုပ်ခြင်းသည် ကန်ထရိုက်တာဦးကျော်သူအတွက်ငွေကြေးကုန်ကျသော်လည်းမြေရင် အတွက် အဆောက်အအုံပြီးစီးမှု လျင်မြန်စေသည့်အတွက် အကျိုးဖြစ်ထွန်းသည်ကို လူကြီးမင်းတို့ သိရှိပါလျက် ၂၆-၈-၂၀၁၄ရက်မှစ၍သိမ်းယူလိုက်ပါကြောင်း ကြေညာချက်သည် ဦးကျော်သူ အတွက် ဂုဏ်သိက္ခာကို ထိခိုက်စေသလို ဥပဒေနှင့်မည်သောကြော်ငြာဖြစ်ပေသည်။

သို့ပါ၍ လူကြီးမင်းတို့မှ ဦးကျော်သူကျေနပ်သည်အထိ အမြန်ဆုံးဝန်ချတောင်းပန်ရန် ကြေညာအပ်ပါသည်။ **BEST GUIDE LAW FIRM**

တရားလွှတ်တော်ရှေ့နေများ
ဦးနေဝင်း (စဉ်-၅၆၆၉)၊ LL.B, D.B.L,WIPO D.I.P (Switzerland):
ဒေါ်မျိုးဝဏ္ဏစမ်း LL.B (စဉ်-၈၃၁၇)
ဒေါ်အေးကလျာဦး(စဉ်-၉၁၈၃) LL.B,D.B.L, WIPO D.I.P (Switzerland)

အထက်တန်းရှေ့နေများ
ဒေါ်ခင်မိုးသွယ်LL.M(စဉ်-၃၄၄၂၇)
ဦးယုမင်းဆွေ LL.B(စဉ်-၃၆၄၁၁)

အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရတနာလမ်း၊ အမှတ် ၂၆နေ ဦးကျော်လင်း၏သမီး ဓမ္ဓားမြတ်နိုး ၁၂/စခန(နိုင်)၀၇၅၉၅အား ယနေ့မှစ၍ မဇင်မင်းလာဘ်ဟုပြောင်းလဲခေါ်ပါရန်။ **မဇင်မင်းလာဘ်**

Kyaw Moe Naing Bag Factory
လုပ်ငန်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

Kyaw Moe Naing Bag Factory လုပ်ငန်းအနေဖြင့် ကုန်ပစ္စည်းအရည်အသွေး၊ ဈေးနှုန်းတို့ကို ကောင်းမွန်သက်သာစေရန် အစဉ်တစိုက်ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၄င်းလုပ်ငန်းတွင် စီမံတာဝန်ခံ ဝန်ထမ်းအဖြစ်နှင့် လုပ်ငန်းကိစ္စရပ်များ ဆက်သွယ်ရန် တာဝန်ပေးအပ်ထားခဲ့သူ ဦးမျိုးမင်းဦး(ခ)မျိုးလေး ၁၂/ဒဂမ(နိုင်) ၀၁၃၀၇၉အား ၁၇-၈-၂၀၁၄ ရက်မှစ၍ လုပ်ငန်းမှ နုတ်ထွက်ခွင့်ပြုခဲ့ပြီးဖြစ်ပါ၍ လုပ်ငန်းအပ်နှံမှာကြားသုံးစွဲသူ မိတ်ဆွေများသိရှိစေလိုပါကြောင်းအပြင် ဖုန်း-၀၉-၇၃၁၃၃၆၇၆၊ ၀၉-၇၃၁၁၄၄၀၇၊ ၀၁-၅၈၂၂၉၃၊ ၀၁-၈၀၁၁၂၅၄၊ ၀၉-၄၃၀၂၃၅၅၈၊ ၀၉-၄၃၀၁၆၂၈၊ ၀၉-၇၃၀၄၄၅၂၄၊ ၀၉-၄၂၁၀၈၇၂၃၆၊ ၀၉-၄၂၁၀၆၆၂၆ တို့သို့ တိုက်ရိုက်ဆက်သွယ်မှာကြား အားပေးသုံးစွဲနိုင်ပါကြောင်းနှင့် Kyaw Moe Naing Bag Factory လုပ်ငန်းအမည်နာမကို အလွဲသုံးစားပြု၍ လုပ်ငန်းပျက်စီးစေရန်ဆောင် ရွက်ခြင်းပြုသူများအပေါ်၌လည်း ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်လှိုင်လှိုင်ဦး(Director)၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မြင့်(LL.B)
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အခန်း(၇) ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၀၈၈၄၄

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့်
အမှတ်(၁) သတ္တုတွင်းလုပ်ငန်းတို့အတွက်
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် အမှတ် (၁)သတ္တုတွင်းလုပ်ငန်းတို့အတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) လွန်တူးလုပ်ငန်းသုံးပစ္စည်း (၃၄ မျိုး) (ဘဏ္ဍာ)
(ခ) လျှပ်စစ်လုပ်ငန်းသုံးပစ္စည်း (၆၈ မျိုး) (ဘဏ္ဍာ)
(ဂ) Copier Toner and Printer Toner Catridge (၈ မျိုး) (ဘဏ္ဍာ)
(ဃ) Catridge, Toner & Spare Parts for Office Machine (၁၀မျိုး) (သတလ၁)

၂။ တင်ဒါတင်သွင်းခြင်းကို ၂၉-၈-၂၀၁၄ရက်မှ ၂၉-၉-၂၀၁၄ရက် ၁၂:၀၀ နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇဝင်ဟလမ်း
နေပြည်တော်၊ ဖုန်း-၄၁၄၀၇၉

ဟသ်ံဘတမြို့၊ လန်းလန်းဆိုင်ကယ် အရောင်းပြခန်းတည်ရှိရာ မြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်ပတ်သက်၍ ဦးဇော်ဇော်နှင့် ဒေါ်ကျော့ကျော့ခိုင်တို့၏ ရှေ့နေဦးသန်းဦးတို့၏ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အပေါ် ဖြစ်ရပ်မှန်သိရှိစေရန် ရှင်းလင်းကြေညာချက်

ဧရာ၀တီတိုင်းဒေသကြီး၊ ဟသ်ံဘတမြို့၊ ဆကာရဝဲကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၅၄ဟုခေါ်တွင်သော မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ကိုလန်းလန်း(ခ)ကိုစန်းဝေထွန်းမှ စာချုပ် ချုပ်ဆိုဝယ်ယူထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ပေါ်တွင် ဆိုင်ကယ်ရောင်းချရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေ ကိုလန်းလန်းမှပင် ငွေကြေးကုန်ကျခံ၍ အဆောက်အအုံ ဆောက်လုပ်ခဲ့ခြင်းသာဖြစ်ပါသည်။ မြေပိုင်သူကသာ အဆောက်အအုံဆောက်လုပ်ခွင့်ရှိ မည်ဖြစ်ရာ အဆောက်အအုံ၏ မျက်နှာစာတွင် လန်းလန်း ဆိုင်ကယ် အရောင်းပြခန်းဟူသော ဆိုင်းဘုတ်ကိုလည်း အထင်အရှားတပ်ဆင်ထားပြီးဖြစ်ပါသည်။ အဆိုပါအဆောက်အအုံမှာ ရောင်းချမည့်ဆိုင်ကယ်များ ထားရှိရန်အတွက်သာ ဆောက်လုပ်ထားခြင်းဖြစ်ရာ အဆိုပါဆိုင်ကယ်များ ရောင်းချပေးရန်အတွက် အရောင်းကိုယ်စားလှယ်အဖြစ် ဦးဇော်ဇော်နှင့် ၄င်း၏ဇနီး ဒေါ်ကျော့ကျော့ခိုင်တို့ကို တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။ ထိုသို့ရောင်းချရာတွင် ဆိုင်ကယ်တစ်စီးရောင်းချလျှင် ငွေသုံးသောင်းကျပ် ၄င်းတို့အား ခံစားခွင့်ရှိစေပါသည်။ အထက်ပါမြေကွက်ပေါ်တွင်အဆောက်အအုံဆောက်လုပ်သည့်အခါ၌ ကိုလန်းလန်းမှ နယ်ခံဖြစ်သူ ဦးဇော်ဇော်အားကူညီဆောင်ရွက်ခိုင်းသည်များရှိခဲ့ဖူးပါသည်။ ထိုသို့ကူညီခွင့်ရသည်ကို အခွင့်ကောင်းယူကာ ဦးဇော်ဇော်နှင့် ၄င်း၏ဇနီးဖြစ်သူတို့သည် အဆောက်အအုံ၏ပိုင်ရှင်ဖြစ်ပါသည်ဟု ၂၁-၈-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်သည် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေပါသည်။ ဦးဇော်ဇော်နှင့် ဒေါ်ကျော့ကျော့ခိုင်တို့အပေါ်တွင် ဟသ်ံဘတခရိုင်တရားရုံး၌ တရားကြီးမှုအမှတ် ၁၇/၂၀၁၄ ဖြင့် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူများအား ဖယ်ရှားပေးစေလိုမှုဖြင့် တရားစွဲဆိုထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ မြို့ကြီးအချို့တွင် ကျွန်ုပ်၏မိတ်ဆွေမှ လန်းလန်း ဆိုင်ကယ် အရောင်းပြခန်းဖွင့်လှစ်ရောင်းချရာတွင် ဟသ်ံဘတမြို့သည်လည်း တစ်မြို့အပါအဝင် ဖြစ်ပါသည်။ လန်းလန်း ဆိုင်ကယ်အရောင်းပြခန်းအတွင်းရှိ ဆိုင်ကယ်များသည် ကိုလန်းလန်းပိုင် ပစ္စည်းများဖြစ်၍ မည်သူမျှ ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲရောင်းချခြင်း၊ ဖယ်ရှားဆောင်ရွက်ခြင်း၊ တခြားနည်းလွဲပြောင်းခြင်းများ မပြုလုပ်ကြရန် တားမြစ်အပ်ပါသည်။ တားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ဥပဒေကြောင်းအရ တရားစွဲဆိုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုလန်းလန်း(ခ)စန်းဝေထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
(ဦးသိန်းထွန်း) တရားလွှတ်တော်ရှေ့နေ(၂၂၉၃)
အမှတ် ၆၀ ဒုတိယထပ်၊ မဟာပန္ထလေမန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၄၃၀၄၁၊ ၀၉-၅၁၀၄၃၇၆၅၊ ၀၉-၄၄၈၀၂၂၀၈၈

ဦးစိုးတင့်ဆွေ ၅/ပလန(နိုင်)၀၅၃၂၁၉နှင့် အများသိစေရန်ကြေ

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ဗျာပုံခရိုင်တရားမရုံးတော်၌
၂၀၁၂ ခုနှစ် ဇာရီလှအမှတ်-၁၄

ဦးကံလှ နှင့် ဒေါ်မြင့်မြင့်သန်း
(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးသက်တင်)
ဒီကရီရသူ **တရားရှုံး**

၂၀၁၁ ခုနှစ် တရားမမှုအမှတ် ၂၉၄ တွင် စရိတ်များအပါအဝင် ငွေကျပ် ၉၀၀၁၅၀၂၁ အတွက် ဒီကရီအတည်ဇာရီပြုရာစာရင်း၌ ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၇ ရက် (၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရာအရပ်မှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၄င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၄င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ ဧနရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၄င်းတို့ကို တစ်စုတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ် ရောင်းချရန် ဆောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဗျာပုံမြို့၊ (၅)ရပ်ကွက်၊ မြေကွက်အမှတ် C-1၊ (ရွာလည်ကျောင်းရပ်)၊ ဦးပိုင်အမှတ် ၁၆၊ အလျားx အနံ(၆၅×၃၂၃)ပေ၊ ဧရိယာ ၀ ဒသမ ၀၄၆ဧကရှိ နှစ် ၃၀ဂရန်မြေနှင့် ယင်းဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ် ၂၆၊ ပထမလမ်း၊ (၅)ရပ်ကွက်၊ ဗျာပုံမြို့ဟုခေါ်တွင်သော ၅ ပင်၊ ၄ခန်း၊ ပျဉ်ခင်း၊ ပျဉ်ကာ၊သွပ်မိုး၊ နှစ်ထပ်အိမ်တစ်လုံးနှင့် သီးပင်၊ သစ်ပင်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ ထက်ဝက်ဝေစုကို တရားရှုံး ဒေါ်မြင့်မြင့်သန်းက ပိုင်ဆိုင်သဖြင့် ထိုမြေနှင့်အဆောက်အအုံ၏ ထက်ဝက်ဝေစုနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

လေလံကြေမိုးခင်းဈေးမှာ ကျပ်သိန်းပေါင်း ၁၅၅ ဖြစ်သည်။

ရောင်းချရန်ဆောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှ ဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း
လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေတိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအင်ငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၄င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၄င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၄င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အခြေခံဆုံးတိုးတက်ဆွဲဝယ်သည့်အတိုးမှာ နည်းပါးကြောင်း ထင်ရှားမှု လက်ခံရန်မသင့်မလျော်ကြောင်း လေလံတင်ရောင်းသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၄င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွေ့ဆိုင်းခွင့်ရှိသည်။

၅။ ရွှေပြောင်းနိုင်သည့်ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်တင်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ ရွှေမပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်၄၊ကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေသော်လည်းကောင်း၊ တခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၄င်း ၁၅ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလတွင် ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအဖြစ်ထုတ်ပြီးမှ ၄င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၄င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၄ ခုနှစ် သြဂုတ် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မေလေးညို)
ခရိုင်တရားသူကြီး
ဗျာပုံခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၄၂၁၇ SKAT LF T3048G1-Dump Truck(4x2)(L) ယာဉ်လက်ဝယ်ရှိသူ PHYO WAISHAN TRADING Co.,LTD. ၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဝင်းဖေ

အထက(၂)ဗဟန်း (ယခင်နန်ယန်ကျောင်း)
(ရူပဗေဒဌာန) အခြေခံပညာဦးစီးဌာန
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အမှတ်၂၉၊ ပိတောက်လမ်း၊ ပိန္တဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးထွန်းအောင်)-ဒေါ်လှကြည်တို့၏သား၊ ဦးထွန်းကြွယ်-(ဒေါ်ရင်မြင့်)တို့၏မောင်၊ (ဦးသောင်းထွန်း)-ဒေါ်ခင်စုဝင်း၊ (ဦးညွှန့်ဝေ)-ဒေါ်စန်းစန်းမော်၊ ဦးအေးဇော်-ဒေါ်တင်တင်အောင်၊ ဦးမျိုးအောင်-ဒေါ်စန်းစန်းလွင် (အထက-၁၊ ဒဂုံ)၊ ဦးဇော်ဝင်း(Chief Engineer St. John's Shipping management.PTE.LTD.Singapore)-ဒေါ်ဝင်းဝင်းနိုင်၊ (ဦးသိန်းနိုင်)တို့၏အစ်ကိုကြီး၊ တူ၊ တူမ ၁၃ယောက်တို့၏ဘကြီး၊ မြေးလေးယောက်တို့၏အဘိုး သည် ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၄ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၃၉၊ ဝါးခယ်မလမ်း၊ စမ်းချောင်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

လီရစ်ချော(ခ)ဦးအေးမြင့်

(မော်လမြိုင်-ဂုဏ်ကဗီး)
အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျားကွက်သစ်ရပ်ကွက်၊ ဂ္ဂိုဏ်ဘုရားသယလမ်း၊ အမှတ် ၃(၈၊ားလွှာ/ဘီ)နေ (ဦးစိန်-ဒေါ်ကင်းဖိန်)တို့၏ သားကြီး၊ (ဦးမွန်-ဒေါ်စိန်)တို့၏ သားသမက်၊(ဒေါ်မေကြည်)၏ခင်ပွန်း၊ (ဦးရိပ်-ဒေါ်ငွေရီ)တို့၏မောင်၊ ဦးနုစိတန်-ဒေါ်ကြည်ကြည်ဝင်း (ဩစတြေးလျှ)၊ (ဦးဝင်းနိုင်)-ဒေါ်ခင်ထွေးမြင့်၊ ဦးမောင်မောင်နိုင်(ခ)ဦးအမိန်း-ဒေါ်နယ်လီ(ဩစတြေးလျှ)တို့၏အစ်ကိုကြီး၊ (ဦးချစ်ဆွေ)-ဒေါ်ထွေးကြည်၊ ဦးကျော်ဇောဦး-ဒေါ်မြင့်မြင့်အေး၊ ဦးသိန်းနိုင်-ဒေါ်တင်တင်ဝင်း၊ ဦးစိန်ဥာဏ်-ဒေါ်ခင်သက်ကြည်၊ ဦးဇော်မျိုးသန့်-ဒေါ်မြင့်မြင့်မော်၊ ဦးလှမြင့်-ဒေါ်စုစုနွယ်[တရုတ်(တိုင်ပေ)]တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အတိုးသည် ၃၁-၈- ၂၀၁၄ရက် (တနင်္ဂနေ့)ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၉- ၂၀၁၄ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာ၇ီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ငြိမ်းအေး (မြောင်းမြမြို့နယ်အသင်း)

အသက်(၈၃)နှစ်

မြောင်းမြမြို့နေ(ဦးသိန်းမောင်-ဒေါ်သန်းရီ)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေ တွင်း(၅)ရပ်ကွက်၊ ဘုရင့်နောင် ၂လမ်း၊ အမှတ် ခ/၃၁၅နေ (ဗိုလ်ကြီးလှကြွယ်)၏ဇနီး၊ ဒေါ်ရီရီလှ၊ ဦးထွန်းအေး-ဒေါ်စန်းစန်းကြည်၊ ဒေါ်ကေသီလှကြွယ် (ကကလုံ)၊ နေပြည်တော်)၊ ဦးမျိုးသန့်-ဒေါ်သဋ္ဌာဦးတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁-၉-၂၀၁၄ ရက်(တနင်္လာနေ့) နံနက် ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂီဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာစောမက်(စ်)ဌေး

အသက်(၈၃)နှစ်

ရွှေဘိုတက္ကသိုလ်၊ ရုက္ခဗေဒဌာနမှ ပါမောက္ခ ဒေါက်တာအယ်ခူဖောဇာ၏ ဖခင်ဖြစ်သူ ဒေါက်တာစောမက်(စ်)ဌေး အသက်(၈၃)နှစ်သည် ၃၀-၈-၂၀၁၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာမာလာအောင်ပါမောက္ခ(ဌာနမှူး)
နှင့်ရုက္ခဗေဒမိသားစု
မော်လမြိုင်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်လေးစု(ပဲခူး)

အသက်(၆၁)နှစ်

ဗိုလ်ကြီးထွန်းအောင်ကျော်(ငြိမ်း) တေ၈-၁ [ညွှန်မှူး(ငြိမ်း)၊ ကညန]၏ ချစ်လှစွာသောဇနီး ဒေါ်ခင်လေးစု(ပဲခူး)သည် ၂၉-၈-၂၀၁၄ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တေ၈(၁)သူငယ်ချင်းများနှင့်မိသားစု

ဆရာမဒေါ်ခင်စန်းမြင့်

B.Ed အထပြ(ငြိမ်း) အထက(၃)မုံရွာမြို့
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၁၄၊ မင်းနန္ဒာအိမ်ရာနေ ဂုဏ်ထူးဦးသိန်းနိုင်-ဒေါ်ကြည်ကြည်တင် (ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ညီမ၊ ဆားလင်းကြီးမြို့နယ်၊ ထန်းပုရွာ(ဆရာကြီးဦးအောင်ခင်-ဆရာမကြီးဒေါ်အေးစိန်)တို့၏သမီး၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ အောင်ရိပ်သာလမ်းနေ ဦးစန်းရီ-ဒေါ်ရွှေသင်တို့၏သမီး ချွေးမ၊ ရန်ကုန်မြို့ No.15-A (ပထမထပ်)၊ သုဓမ္မာလမ်း၊ ကျောက်မြောင်းနေ ဆရာ ဦးသန်းအုန်း(အထက-၃၊ မုံရွာ-ငြိမ်း)၏ဇနီး၊ ဒေါက်တာနိုင်ဝင်း(ခေတ္တ-သြစတြေးလျှ)၊ ဒေါက်တာညီစိုးမင်း(ရန်ကုန်ဆေးရုံကြီး)တို့၏မိခင်၊ ဦးမောင်မောင်တာ-ဒေါ်ခင်မေချစ်(ပျိုးခင်းမွန် ပညာရိပ်မွန်)၊ ဦးသန်းအောင်၊ ဒေါ်တင်ဝင်းနွဲ့(ဂုဏ်ထူးရှင်ပညာ ရိပ်မွန်ကျားတက်)တို့၏အစ်မ၊ ဦးကိုကိုနိုင်၊ ဒေါ်မြင့်မာလာ၊ ဒေါက်တာညီညီနိုင် (ဒေါက်တာဇီဝ)၊ ဒေါ်ကေသီ၊ တူ/တူမ ၁၀ယောက်တို့၏ အဒေါ်သည် ၃၁-၈-၂၀၁၄ရက်(တနင်္လာနေ့)ည ၉း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွား ပါသဖြင့် ၄-၉-၂၀၁၄ရက်(ကြာသပတေးနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂီဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၁၄ရက်တွင် No.15.A(ပထမထပ်)၊ သုဓမ္မာလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးတင့် (ကော့မှူး)

အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မကျီးတန်းရပ်ကွက်နေ (ဦးဟန်ကျော်-ဒေါ်ညွှန့်ရှင်)တို့၏သမီး၊ အမှတ် ၂၊ ဂ္ဂိုဏ်သယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးပွစိုးဇနီး၊ ဦးညီညီအောင်-ဒေါ်နီနီဝင်း၊ မလွဲရည်ဝင်းတို့၏ မိခင်သည် ၁-၉-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၄း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်လူကြီး (စစ်တွေ)

မန်နေဂျာ(ငြိမ်း) ကုန်သွယ်/လယ်ယာ
အသက်(၆၂)နှစ်

ပေါက်တောမြို့နယ်၊ ကြိမ်ခမော်ကျေးရွာနေ(ဦးဝါချော)-ဒေါ်မဝင်းစိန်တို့၏သားကြီး၊ (ဦးရွှေသာနို-ဒေါ်ဝင်းမြဦး)တို့၏သားသမက်၊ စစ်တွေမြို့၊ မိဇံရပ်ကွက်၊ ရွှေသာလမ်းနေ ဒေါ်စောရွှေ (ဦးစီးအရာရှိ၊ ပြည်နယ်ပညာ)၏ခင်ပွန်း၊ မောင်ဇော်မြတ်နိုင်-မတင်မိုးမြင့်(ခ)မနီလာ (နီလာအထည်ဆိုင်၊ ယုဇနပလာဇာ)၊ မောင်ကျော်ညီဆန်းတို့၏ဖခင်၊ မစ်ပယ်မြတ်နိုင်၏အဘိုး၊ (ဦးမောင်စံရွှေ)-ဒေါ်မခင်ရီ၊ ဦးမောင်ဦးကျော်(M.P.T ကုမ္ပဏီ)-ဒေါ်စောရွှေမြင့်(အလပြ၊ သာကေတ)၊ ဦးသာထွန်း (ဆအတ၊ သန့်လျင်)-ဒေါ်နင်းအေးခင် (အလပြ၊ အထက-၂)တို့၏ယောက်ဖဖြစ်သူသည် ၁-၉-၂၀၁၄ရက်(တနင်္လာ နေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂီဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သြဘာလမ်း၊ အမှတ် ၈၀၊ သုံးလွှာနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်နီနီညွန့် (Norren Gyi)

စာကြည့်တိုက်မှူး
Asian Development Bank (ADB, Manila)
အသက်(၉၄)နှစ်

မိဘတို့ဆွေမျိုးရင်းများ အင်္ဂလန်ကြောင်ဦးမြန်းသည့် ဒေါ်နီနီညွန့်သည် (၂၈-၈-၂၀၁၄)ရက်နေ့တွင် အမေရိကန်နိုင်ငံ Needham MA မြို့ နေအိမ်၌ ကွယ်လွန်အနိုင်္ဂရောက်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲလျက် ရှိနေကြပါသည်။

အငြိမ်းစားသော်အမတ်ကြီး ဦးလှမောင်မိသားစု
နှင့်
အာရှဖွံ့ဖြိုးရေးဘဏ်အငြိမ်းစားအရာထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သက်ထား

အသက်(၈၅)နှစ်

ဖြိတ်အများပိုင်ကုမ္ပဏီ၊ ဒါရိုက်တာဘဏ္ဍာရေးမှူး ဦးအင်ဟိ-ဒေါ်ရှယူတို့၏မိခင် ဒေါ်သက်ထားသည် ၂၉-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ငြိမ်းချမ်း၊ ပို့ဆောင်ရေးမိသားစု(ဖြိတ်မြို့)

အထူးဝမ်းနည်းကြေကွဲခြင်း

C.D. Prakash (ခ)ဦးမောင်မောင်

ဥက္ကဋ္ဌ (ရွှေစူပါလိုက်ကုမ္ပဏီ) (ရန်ကုန်)
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ကိုမောင်မောင်ဦး၊ ဒေါက်တာထွန်းထွန်းဝင်း၊ ကိုဇော်ဝင်းနှင့် ကိုဥာဏ်ဝင်းတို့၏ ဖခင် C.D.Prakash (ခ)ဦးမောင်မောင်သည် ၁၇-၈-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ခင်မြင့်မွန်
ရွှေရောင်မြေ ရောင်းဝယ်ရေး မင်းဘူးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

မောင်သိန်းဇံမောင်(စစ်တွေ)

အသက်(၃၂)နှစ်

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက်(အများပိုင်ကုမ္ပဏီ) ဒုတိယဥက္ကဋ္ဌ ဦးဦးဘိုးသိန်း၏သား မောင်သိန်းဇံမောင်သည် ၂၉-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ
ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက်(အများပိုင်ကုမ္ပဏီ)

အထူးဝမ်းနည်းကြေကွဲခြင်း

မောင်သိန်းဇံမောင်(စစ်တွေ)

အသက်(၃၂)နှစ်

မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန် ဟိုးလဒင်း ပတ်ဗလစ် ကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးဦးဘိုးသိန်း၏သား မောင်သိန်းဇံမောင်သည် ၂၉-၈-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ
မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန် ဟိုးလဒင်း ပတ်ဗလစ် ကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

မောင်သိန်းဇံမောင်(ခ)ညီးချေ (စစ်တွေ)

အသက်(၃၂)နှစ်

ချစ်လှစွာသော မြေး၊ တူလေး သိန်းဇံမောင်(ခ)ညီးချေသည် ၂၉-၈-၂၀၁၄ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် လွမ်းဆွတ်သတိရရင်း ဝမ်းနည်းကြေကွဲလျက်။

ချစ်လှစွာသော
အဘောင်ရှင် ဒေါ်ထွန်းမေနှင့် ဦးလေး-အဒေါ်များ
ဦးစောသိန်း-ဒေါ်မြသီတာ၊ (ဦးကျော်ဇော)-ဒေါ်ရွှေးရွှေး
ဦးသန်းတင်မောင်-ဒေါ်မေထွေးနိုင်၊ ဦးလှတင်-ဒေါ်အေးအေးခိုင်
ဦးအုန်းဇော်-ဒေါ်မသန်းရွှေ(ခ)မေသူအောင်
ဦးကျော်ကျော်-ဒေါ်မို့မို့အောင်ငြိမ်း

အထူးဝမ်းနည်းကြေကွဲခြင်း

မောင်သိန်းဇံမောင်

အသက်(၃၂)နှစ်

IBPC မှ ဦးဦးဘိုးသိန်း၏သားဖြစ်သူ မောင်သိန်းဇံမောင်သည်(၂၉. ၈. ၂၀၁၄)ရက်နေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Super Coffeemix မိသားစု

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောညွန့်(ခ)ဒေါ်လှစု

အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး-ဒေါ်ခင်မိမိလေးတို့၏ မိခင် ဒေါ်စောညွန့်(ခ)ဒေါ်လှစုသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်နေအိမ်၌ ၂-၉-၂၀၁၄ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောညွန့်(ခ)ဒေါ်လှစု

အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး-ဒေါ်ခင်မိမိလေးတို့၏မိခင် ဒေါ်စောညွန့်(ခ)ဒေါ်လှစုသည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်နေအိမ်၌ ၂-၉-၂၀၁၄ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဧရာဝတီတိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စောညွန့်(ခ)ဒေါ်လှစု

အသက်(၈၇)နှစ်

